မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၃၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင် သမိုင်းဝင် ကျိုက်သလွံစေတီတော် ဖူးမြော်

ရန်ကုန် ဖေဖော်ဝါရီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁** ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်ဘူတာရုံတည်ဆောက်နေမှုနှင့် ရထားသံလမ်းခင်းပြီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကား ပြန့်ပွားရေးဦးတည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကို လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာ အဖြစ်ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကား ပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ–

တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက် ရန်ကုန်မှထားဝယ်သို့ ရထားဖြင့် နေ့ချင်းပေါက် ချောမွေ့စွာသွားနိုင်အောင် စီမံ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးမျိုး တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ **စာမျက်နှာ ၄ ကော်လံ ၁** ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်** (၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မား တိုင်းရင်းသားပြည်သူများ ဆက်လက် လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းလာစေရန်အတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍများ၌ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ၏ ရေမြေအခြေအနေ၊ နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုက်ညီသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာစေရန်အတွက် မှန်ကန်သောလုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ ၁၉၈၈ခုနှစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် မျက်မှောက်ကာလ ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများ နှိုင်းယှဉ်ကြည့်ပါက သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပေသည်။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံသားများ၏ အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ ရည်မှန်းချက်များထားရှိ၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ရည်မှန်းထားသည်ထက် ကျော်လွန်အောင်မြင်လာခဲ့ပေသည်။ ယင်းကဲ့သို့ တိုးတက်မြင့်မားလာခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီ၅ ရက်နေ့က မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားရာ၌–

“နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြည့်ဆည်းပေးနိုင်သည်များကို အားပေးပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်နယ်၊ တိုင်းဒေသအားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်အနေဖြင့်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖိဖိစီးစီးအလုပ်လုပ်ကြရန် လိုအပ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကိုယ့်အားကိုယ်ကိုးပြီး တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု အထူးလိုအပ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်ပြီး ပြည်သူများ၏ဘဝ မြင့်မားတိုးတက်စေရန်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံ၏ ရေမြေအခြေအနေအရ နိုင်ငံ့စီးပွားရေးသည် လယ်ယာကဏ္ဍကိုအခြေခံသည့် စီးပွားရေးဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူတစ်ဦးချင်းအတွက်သာမက ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရာမှ နိုင်ငံတော်တစ်ဝန်းလုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်၌ လူတစ်ဦးချင်းဝင်ငွေ မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ဝင်ငွေသိသိသာသာ တိုးတက်မြင့်မားလျက်ရှိသည်။ ၁၉၈၈ခုနှစ်က လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေသည် ကျပ် ၁၉၄၀ သာရှိခဲ့ရာမှ ယခုအခါကျပ် ၁၆၀၀၀၀ခန့်အထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ တိုးတက်မြင့်မားလာခြင်းသည် နိုင်ငံတော်က စေတနာရှေ့ထား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ တိုင်းရင်းသားပြည်သူများကလည်း အားတက်သရော ကြိုးပမ်းလုပ်ဆောင်လာမှုများကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ ရရှိထားသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရပ်တန့်မသွားစေဘဲ ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူအားလုံးကနိုင်ငံတော်နှင့်လက်တွဲ၍ ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆိုင်ကယ်စီးရေ နှစ်သန်းထက်မနည်း ဗီယက်နမ်နှစ်စဉ်ရောင်းမည် ကမ္ဘာ့၌ ဆိုင်ကယ်အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ရန်ရည်ရွယ်

ဟန္နိုင်း ဖေဖော်ဝါရီ ၇

၂၀၁၀ပြည့်နှစ်တွင် အရှေ့တောင်အာရှနှင့် အာဖရိကဈေးကွက်များသို့ နှစ်စဉ်မော်တော်ဆိုင်ကယ်စီးရေ နှစ်သန်းထက်မနည်း တင်ပို့ရောင်းချခြင်းဖြင့် ကမ္ဘာတွင် မော်တော်ဆိုင်ကယ်အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ရန် ဗီယက်နမ်နိုင်ငံက ရည်ရွယ်ထားသည်။

ဗီယက်နမ် စက်မှုလုပ်ငန်းဝန်ကြီးဌာန (အမ်အိုအိုင်)သည် ဗီယက်နမ်နိုင်ငံ၏ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းအတွက် ၂၀၁၀–၂၀၂၀ ပြည့်နှစ် ဖွံ့ဖြိုးရေးအလေးပေးဆောင်ရွက်မှုများကို စတင်လုပ်ဆောင်ထားပြီး ဗီယက်နမ်နိုင်ငံသည် နှစ်စဉ်ထုတ်လုပ်မှုစီးရေ ၃ဒသမ ၁သန်းရောက်ရှိရန် လိုအပ်သည်ဟု ပြောကြားသည်။

လက်ရှိထုတ်လုပ်မှုအဆင့်ထက် စီးရေတစ်သန်းပိုသော ဖော်ပြပါကိန်းဂဏန်းသည် တင်ပို့မှုလျာထားချက် အောင်မြင်ပြည့်မြောက်စေရန် လိုအပ်မည်ဖြစ်သည်။ အမ်အိုအိုင်၏ မဟာဗျူဟာသည် နှစ်စဉ်ပြည်တွင်း၌ စီးရေတစ်သန်းရောင်းချရန် တိုက်တွန်းထားရာ အဓိကအားဖြင့် ကျေးလက်နှင့်တောင်ကုန်းဒေသများသို့ ရောင်းချရန်ဖြစ်သည်။ **(အင်တာနက်)**

စင်ကာပူ ရေနံတင်သင်္ဘော အီဂျစ်ကမ်းလွန်၌ အခြားတစ်စင်းနှင့် တိုက်မိ

စင်ကာပူ ဖေဖော်ဝါရီ ၇

ရေနံတင် သင်္ဘောတစ်စင်းသည် အီဂျစ်နိုင်ငံ ကမ်းလွန်ပင်လယ်တွင် အခြားသင်္ဘောတစ်စင်းနှင့် တိုက်မိသဖြင့် မြေထဲပင်လယ်ထဲသို့ ရေနံစိမ်းစည် ၃၀၀၀ထက်မနည်း ယိုဖိတ်ကျခဲ့ကြောင်း စင်ကာပူအခြေစိုက် အဆိုပါ ရေနံတင်သင်္ဘောလုပ်ငန်းက စနေနေ့၌ ပြောကြားသည်။

အမ်တီထရိုင်ဂျာတာ ရေနံတင်သင်္ဘောသည် အမေရိကန်အခြေစိုက် ဂျင်မာကက်စ်ထရဲလ်သင်္ဘောနှင့် ပို့တ်ဆက်ကမ်းလွန်၄၃ကီလိုမီတာအကွာ အီဂျစ်ရေပိုင်နက်ထဲ၌ တိုက်မိခဲ့ကြောင်း ဂျီဘီအယ်လ်တီ သင်္ဘောလုပ်ငန်း အုပ်ချုပ်ရေးဌာနက ပြောကြားသည်။

ဂျီဘီအယ်လ်တီ သင်္ဘောလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ ပြောခွင့်ရအမျိုးသမီးက ထရိုင်ဂျာတာနှင့် တိုက်မိသည့် ဂျင်မာကက်စ်ထရဲလ်သင်္ဘောမှ ရေနံစည် ၆၀၀၀ယိုဖိတ်ကျသည်ဆိုခြင်းကို မိမိ အတည်မပြုနိုင်ကြောင်း ပြောဆိုသည်။

သင်္ဘောသား ၂၄ ဦးစလုံး အသက်ဘေးအန္တရာယ်မရှိဘဲ ကျန်းမာစွာရှိကြောင်း အတည်ပြုချက်ရရှိသဖြင့် မိမိတို့များစွာ ကျေနပ်မှုရှိကြောင်း၊ ယခုအခါ မိမိတို့၏ သင်္ဘောသည် အီဂျစ်ရေပိုင်နက်ထဲ၌ ဘေးကင်းစွာ ကျောက်ချရပ်နားထားကြောင်း ဂျီဘီအယ်လ်တီ ညွှန်ကြားရေးမှူးကက်ပတိန် ချိုင်ဒီရှင်းက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်ပုံစံ ဒီမိုကရေစီ အရှေ့အလယ်ပိုင်းသားတို့ မယုံကြည်

တီဟီရန် ဖေဖော်ဝါရီ ၈

ဒီမိုကရေစီအတွက် အမေရိကန်ပြည်ထောင်စု၏ အထောက်အကူပေးမှုကို အရှေ့အလယ်ပိုင်းသားတို့ တွေ့ကြုံသိရှိထားကြပြီ ဖြစ်ကြောင်း၊ အမေရိကန်ပုံစံ ဒီမိုကရေစီကို အရှေ့အလယ်ပိုင်းသားတို့ မယုံကြည်ကြကြောင်း အီရန်အစိုးရပိုင် ရုပ်မြင်သံကြားက ပြောကြားလိုက်သည်။

ပြန်စဉ်းစား

အီရတ်တွင် အရပ်သားများ သေဆုံးသည့်ပုံများကို ပြထားသပြီး အရှေ့အလယ်ပိုင်းတွင် ဒေါသကို ဖန်တီးပေးသော မူဝါဒများအား အမေရိကန်ပြည်ထောင်စုက ပြန်စဉ်းစားရန်လည်း အီရန်ရုပ်မြင်သံကြားက တောင်းဆိုခဲ့သည်။

ငြင်းဆို

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ရန် ကြိုးပမ်းရာကြံနေကြောင်း၊ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က တိုင်းပြည်သို့ပြောကြားသော ၎င်း၏မိန့်ခွန်းထဲတွင် စွပ်စွဲပြောဆိုထားချက်သည် အခြေအမြစ်မရှိကြောင်း အီရန်နိုင်ငံက ကြာသပတေးနေ့၌ ငြင်းဆိုလိုက်သည်ဟု အိုင်အာအင်အေ သတင်းဌာနက ဖော်ပြသည်။

စွပ်စွဲ

သမ္မတဘုရှ်သည် ဗုဒ္ဓဟူးနေ့၌ တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာတွင် အီရန်နိုင်ငံသည် အကြမ်းဖက်မှုကို အထောက်အကူပေးသော ကမ္ဘာ့အဓိကနိုင်ငံဖြစ်ကြောင်း၊ အဏုမြူဗုံးများ ပြုလုပ်ရန် ကြိုးပမ်းနေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအား ခိုးကြောင်ခိုးဝှက် လက်နက်အစီအစဉ်တစ်ရပ် ရှိထားကြောင်း စွပ်စွဲထားပြီး အီရန်နိုင်ငံကလည်း ၎င်း၏ နျူကလီးယား အထောက်အကူပြုလုပ်ငန်းများကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် အသုံးပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် မြောက်ဘက်အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော် မြောက်ဘက် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်အတွက် အလှူငွေ များကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော် ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်မှ မော်လမြိုင်မြို့၏ အခြေအနေကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မော်လမြိုင်မြို့ ကျိုက်သလ္လံ စေတီတော်အတွက် အလှူငွေများကို စေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

ပြည်ထောင်စုနေ့အလံတော်

■ မိုးသောက်ယံဝယ်
အောင်လံနီရဲ၊ လေမှာဝဲသည်
ရင်ထဲတသိမ့်သိမ့် ငြိမ့်ငြိမ့်တကား။

■ သူ့ကျွန်အဖြစ်၊ နှံ့မှာနစ်လည်း
အနစ်မခံ၊ လွတ်အောင်ကြံခဲ့
ရွှေမှုန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
မီးထလျှံတောက်၊ သူ့ကိုခြောက်ခဲ့
လွတ်မြောက်ရေးအတွက်၊ သွေးအသက်တို့
ပေးဆက်တွန်းလှန်၊ အညံ့မခံသည်
အလံတော်သည် သက်သေတည်း။

■ ထို့ပြင်သွေးချင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းတူမျှ၊ လက်တွဲကြ၍
ရခဲ့ဘိသေး၊ လွတ်လပ်ရေးတည့်
စုဝေးညီညွတ်၊ အောင်ပန်းဆွတ်ဖို့
မချွတ်ကေန်၊ စည်းလုံးရန်ဟု
အလံတော်သည် လမ်းညွှန်တည်း။

■ အို–ပြည်သူအများ၊ သတိထားလော့
ကြောင်ဖားအိုအို၊ မြီးတံတိုလျှင်
အဆီကိုစား၊ အသားကိုမျို၊ ပမာလိုတည့်
ဒို့ကိုဝင်ပူး၊ နယ်ချဲ့ရူးလျှင်
စားဖူး၍ချို၊ မျိုဖူး၍စွဲ
လျှာလည်ဆဲတည့်
သွေးကွဲအောင်ပင်၊ ဒို့ပြည်ခွင်ကို
မွှေချင်နှောက်ချင်၊ သွေးခွဲချင်၏
မြင်အောင်လည်းကြည့်၊ သိအောင်ဆင်ခြင်
အသင့်ပြင်လျက်
လမ်းစဉ်မှန်မြတ်၊ ခုနစ်ရပ်ကို
ချမှတ်ပြီးသား၊ လျှောက်လှမ်းသွားဖို့
ကောင်းမြတ်စိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
အလံတော်ရှေ့သို့ သွားကြစို့။
အလေးပြုကာ ဦးညွှတ်စို့။

■ သြော်–မိုးသောက်ယံဝယ်
အောင်လံနီရဲ၊ လေမှာဝဲသည်
ရင်ထဲသိမ့်သိမ့် ငြိမ့်ငြိမ့်တကား။ ။

ခွန်ရဲသွေး(အေးသာယာ)

ပြည်ထောင်စုနေ့အခမ်းအနားကျင်းပစဉ် လမ်းခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်သူ့ရင်ပြင်၌ကျင်းပစဉ် နံနက် ၆နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့်ရှင်စောပုလမ်း အကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွား ပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မိုးညှင်းဝိပဿနာတိုက်သစ် ပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်ကို စတင် တည်ထောင်ခဲ့သော ဆရာတော်ကြီးအား ဦးထိပ်ထား၍ (၁၃)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းပူဇော်ပွဲနှင့် နှမ်းမနဲထိုးအလှူပွဲကို ဖေဖော်ဝါရီ၂၁ရက် နံနက် ၉နာရီတွင် ပဋ္ဌာန်းတရားဖွင့်ပွဲပူဇော်ပြီး ၂၄ ရက် နံနက်၉နာရီတွင် ပဋ္ဌာန်း အောင်ပွဲကျင်းပမည်ဖြစ်သည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၉–၂–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၀ ၈။ တံငါတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀ ၇။ မြန်မာစာ မြန်မာစကား
၁၇း၄၅ ၈။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၅ ၁၀။ Discovery
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ တေးဂီတအစီအစဉ်
၁၉း၁၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉း၂၅ ၁၅။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၉း၃၅ ၁၆။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
၁၇။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ 'ဖွံ့ဖြိုးတိုးတက်မှုစုံလင် ပဲခူးတိုင်းတစ်ခွင်'**
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည်ဂုဏ်ပြုအငြိမ့် ရန်ကုန်တိုင်းစစ်ဌာနချုပ် **"ရွှေဝါဝင်းအငြိမ့်"** မင်းသမီး–စန်းနီလာဝင်း၊ ဝါဝါခိုင်၊ လူရွှင်တော်–ပေါ်လေး၊ငွေမိုး၊စံမိုး၊အောင်ဖြိုး
၂၂။ မမှောင်သောအလင်း (အပိုင်း–၉) **"ကံကို ဘယ်လိုစီရင်ပါ့မယ်"** ဖိုးသောကြာ၊ ဗိုက်၊ သုမောင်၊ အောင်လွင်၊ ရတနာခင်၊ မေသဥ္စာဦး၊ ပွင့်နဒီမောင်၊ ကြူကြူသင်း (ဒါရိုက်တာ–သက်တင်)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၉–၂–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **"ဗုဒ္ဓ၏အဗျာကတတရား (၁၀) ပါး"** (တတိယနှစ်–အရှေ့တိုင်း)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း–၁၈)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဒုမ္မာဆပ်ပြာ စက်ရုံမှ ဆပ်ပြာထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မော်လမြိုင်ဘူတာ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးဦးဖေသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ရထားလမ်းနေရာ ရွေးချယ်ခဲ့မှု၊ ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာ့မီးရထားတို့ကလုပ်ငန်းများကို ကဏ္ဍအလိုက်ခွဲခြားဆောင်ရွက်နေမှု၊ ရထားလမ်းကို ASEAN Standard နှင့်အညီဆောင်ရွက်နေမှု၊ လုပ်ငန်းများ ဆောင်ရွက်မှုနှင့်တိုးတက်ပြီးစီးမှု၊ မော်လမြိုင်ဘူတာတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ချဉ်းကပ်ရထားတံတားတိုင် ၁၇၉ တိုင်အနက် ၆၂ တိုင် တည်ဆောက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘူတာရုံ၊ ချဉ်းကပ်တံတား၊ ချဉ်းကပ်ရထားလမ်းစသည့် တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ပြီးစီးအောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က မိမိတို့တာဝန်ယူရသည့် လုပ်ငန်းအပိုင်းအလိုက် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ရန်နှင့် ရန်ကုန်မှ ထားဝယ်သို့ ရထားဖြင့် နေ့ချင်းပေါက်ချောမွေ့စွာ သွားနိုင်အောင် လိုအပ်သည်များစီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်လမြိုင်ဘူတာနှင့် ချဉ်းကပ်ရထားလမ်းများပြ ပုံစံကားချပ်များကိုလည်းကောင်း၊ ဘူတာရုံတည်ဆောက်နေမှု၊ ဘူတာဝင်းအတွင်း ရထားသံလမ်း၊ ကျောက်နှင့် ဇလီဖားတုံးများ စုဆောင်းထားမှု၊ ရထားသံလမ်းအချို့ခင်းပြီးမှုအခြေအနေများကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပြီး

ချဉ်းကပ်ရထားလမ်းတည်ဆောက်ခြင်းလုပ်ငန်းတွင် မုတ္တမဘက်ခြမ်းနှင့် မော်လမြိုင်ဘက်ခြမ်း ချဉ်းကပ်တာပေါင်မြေကြီးလုပ်ငန်းအနေဖြင့် စုစုပေါင်း ၆ ဒသမ ၁၉ မိုင် ဆောင်ရွက်သွားရမည်ဖြစ်ရာ ယနေ့အထိ ၄ ဒသမ ၁၅မိုင် ဆောင်ရွက်ပြီးဖြစ်သည်။ချဉ်းကပ်ရထားလမ်းပိုင်းတွင် တံတား ၁၅ စင်း တည်ဆောက်သွားရမည်ဖြစ်ရာ ခြောက်စင်း တည်ဆောက်ပြီးဖြစ်သည်။

မော်လမြိုင်ဘူတာဧရိယာသည် အလျားပေ ၄၀၀၀၊ အနံပေ ၁၀၀၀ ကျယ်ဝန်းပြီး ရထားများရပ်နားတွဲထိုးရန် ရထားလမ်း ၁၉ လမ်း ပါရှိမည်ဖြစ်သည်။

၇၅ ရာခိုင်နှုန်းပြီးစီးနေပြီ

မော်လမြိုင်ဘူတာရုံမှာ အလျား ၂၈၈ ပေ၊ အနံပေ ၁၁၀ ရှိမည်ဖြစ်ပြီး မော်လမြိုင်ဘူတာတည်ဆောက်ခြင်းလုပ်ငန်းမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပဒုမ္မာဆပ်ပြာစက်ရုံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ဘူတာတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ရောက်ရှိကြသည်။

ထို့နောက်ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ပဒုမ္မာဆပ်ပြာစက်ရုံ တည်ဆောက်ရသည့် ရည်ရွယ်ချက်များ၊ စက်ရုံအကျယ်အဝန်းနှင့် စက်ရုံတည်ဆောက်ခဲ့သည့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်၊ ထုတ်လုပ်သည့် ဆပ်ပြာအမျိုးအစားနှင့်ရောင်းချနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာရရှိအောင် တည်ဆောက်သွားရမှာဖြစ်သည့်အပြင် သုံးစွဲသူအဆင့်အတန်းအလိုက် စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးမျိုးကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

ဈေးနှုန်းသက်သာစွာဖြန့်ဖြူး

တစ်ချိန်၌ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးအစားစုံကို ထုတ်လုပ်နိုင်အောင် လိုအပ်သော အတတ်ပညာကို ရှာဖွေစုစည်းသွားကြရန်လိုကြောင်း၊ ဈေးကွက်၌လည်း အခြားဆပ်ပြာများနှင့် ယှဉ်ပြိုင်၍ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်သွားကြရမှာဖြစ်ကြောင်း၊ ထုတ်လုပ်သူ၊ သယ်ယူဖြန့်ဖြူးသူ၊ ရောင်းချသူဟူ၍ အပိုင်းလိုက် စနစ်တကျ တာဝန်ခွဲဝေအပ်နှံပြီး လုပ်ငန်းများတိုးတက်အောင်မြင်အောင် စီစဉ်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပဒုမ္မာဆပ်ပြာ စက်ရုံထုတ်ဆပ်ပြာများနှင့် ဆပ်ပြာထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံ ရှင်းလင်းဆောင်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာရရှိအောင်တည်ဆောက် အခြားဆပ်ပြာများနှင့်ယှဉ်ပြိုင်၍ဈေးနှုန်းသက်သာစွာရောင်းချနိုင်ရန်စီစဉ်

- ❖ ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာရရှိအောင် တည်ဆောက်သွားရမှာဖြစ်သည့်အပြင် သုံးစွဲသူအဆင့်အတန်းအလိုက် စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးမျိုးကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်။
- ❖ တစ်ချိန်၌ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးအစားစုံကို ထုတ်လုပ်နိုင်အောင် လိုအပ်သောအတတ်ပညာကို ရှာဖွေစုစည်းသွားကြရန်လို၊ ဈေးကွက်၌လည်း အခြားဆပ်ပြာများနှင့် ယှဉ်ပြိုင်၍ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရန်စီစဉ်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အား မော်လမြိုင်ဘူတာ တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ပဒုမ္မာဆပ်ပြာစက်ရုံကို ၂၃-၃-၂၀၀၃ရက်တွင်ဖွင့်လှစ်ခဲ့သည်။ စက်ရုံမှ ပဒုမ္မာအဝတ်လျှော်ဆပ်ပြာနှင့် အရောင်လေးမျိုး၊ အနံ့လေးမျိုးရှိသည့် ပဒုမ္မာ သန့်စင်ကိုယ်တိုက်ဆပ်ပြာတို့ကို ထုတ်လုပ်လျက်ရှိသည်။ အလှဆီကြမ်း (Cruddef Gylcerine)ကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မုဒုံမြို့သို့ မော်တော်ယာဉ်များဖြင့်သွားရောက်ကြပြီး မုဒုံမြို့ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင်ရောက်ရှိကြသည်။

ခရီးစဉ်၌ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည်ဖေဖော်ဝါရီ၆ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဖားအောက်ကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်သီးပင်များ အသုံးချသုတေသနဌာန၌ ဆောင်ရွက်လျက်ရှိသည့် ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်သရက်၊ မက္ကဒေးမီးယား၊ ဆီသပြေနှင့် နှစ်ရှည်သီးပင်များနှင့် ပတ်သက်သော မျိုးများထိန်းသိမ်းထားရှိမှု၊ မျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်မှု၊ စိုက်နည်းစနစ်နှင့် အထွက်တိုးရန် သုတေသနစမ်းသပ်မှုနှင့် ဈေးကွက်ဝင်အမယ်သစ်များ ရှာဖွေစမ်းသပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရော်ဘာမျိုးသစ်ကိုးမျိုး

သုတေသနပညာရှင်များက ရော်ဘာစေးနှင့်ရော်ဘာသစ်ထုတ်လုပ်ရေးတွင် အထွက်ကောင်းပြီး အရည်အသွေးကောင်းသည့် ရော်ဘာမျိုးသစ်ကိုးမျိုးကို ရော်ဘာပန်းဝတ်မှုန်မှ မျိုးကူးစပ်မှုကိုလည်းကောင်း၊ မျိုးစပ်ရရှိသည့် အပင်၏ လက္ခဏာအရည်အသွေးများ စဉ်ဆက်မပြတ်သုတေသနပြုမှု၊ ပျိုးပင်မှစိုက်ခင်း၊ စိုက်ခင်းမှ အစေးရရှိသည်အထိ သုတေသနတွေ့ရှိချက်များကိုလည်းကောင်း၊ ဆီအုန်းစပ်မျိုး မျိုးစေ့များကို ပြည်တွင်း၌ ထုတ်လုပ်မှု၊ မျိုးစပ်သည့်လုပ်ငန်းဆောင်ရွက်မှု၊ ရရှိသောစပ်မျိုးကို အစို့ဖောက်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရွှေကွမ်းသီးအပင်နှင့် ပျိုးပင်များပွားများမှု၊ မက္ကဒေးမီးယားပင်များပျိုးထောင်မျိုးပွားမှုလုပ်ငန်းနှင့် သုတေသနတွေ့ရှိချက်များကိုလည်းကောင်း၊ သီဟိုဠ်သရက် အထွက်ကောင်းမျိုးများ သုတေသနလုပ်ငန်းနှင့်ဆီသပြေမှ စားသုံးဆီထုတ်လုပ်မှု လုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကူညီဆောင်ရွက်

ဝန်ကြီးက နှစ်ရှည်ခြံလုပ်ငန်းများသည် ကျေးလက်နေပြည်သူများအတွက် ဝင်ငွေကောင်းသည့် လုပ်ငန်းများဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ပြုလုပ်ရန်လိုအပ်ကြောင်း၊ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဖော်ထုတ်တွေ့ရှိချက်များကို စိုက်ပျိုးထုတ်လုပ်သူ ခြံလုပ်ငန်းရှင်များသို့ ဖြန့်ဖြူးပေးခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာအောင် ကူညီဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၆ရက် ညနေ ၃နာရီတွင် မော်လမြိုင်မြို့ရှိ မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ရှေးဦးစွာ မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်များ၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများပြသထားမှုများကို လည်းကောင်း၊ နံရံကပ်စာစောင် ခင်းကျင်း စီစဉ်ပြသထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံပြီး ဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတများ ကြွယ်ဝစေရေး၊ အမှားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြားသိရှိနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်နေခြင်းဖြစ်ရာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျေးရွာတိုင်း၌ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်းအပြီး ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် သာမန်သမားရိုးကျလုပ်ငန်းအဖြစ် သဘောမထားဘဲ အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မော်လမြိုင်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်စစ်ဆေးသည်။

❐ ကျောဖုံးမှ

ဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ပြန်ကြားရေး ဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များသည် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ဗဟိုပြကွက်၊ ရှေးဟောင်း မြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများပြကွက်၊ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်း ပြကွက်၊ Soft Guide Language Lab၊ Audio Language Labနှင့်ကွန်ပျူတာဉာဏ်စမ်းပဟေဠိ အစီအစဉ် မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်မှ ဝန်ကြီးဌာနပြခန်းများ၏ ပြကွက်များကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ဗဟိုပြကွက်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ “ပြည်ထောင်စု စိတ်ဓာတ်” မိန့်ခွန်းကောက်နုတ်ချက်များ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့စရိုက်ဓာတ်ပုံများ ပြသထားပြီး ရှေးဟောင်း မြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများပြကွက်၊ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံနှင့်လွတ်လပ်ရေးရရှိခြင်းပြကွက်၊ မျက်မှောက်ခေတ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်၌ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပြခန်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာနပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ မျက်မှောက်ခေတ်နိုင်ငံရေး၊ လူမှုရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုပြကွက် (ခိုင်မြဲလက်တွဲတို့မခွဲ ၊ အမြဲစည်းလုံးညီပြကွက်)၊ မျက်မှောက်ခေတ်ကာလ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ လူမှုရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို စာသား၊ဓာတ်ပုံ၊ ပန်းချီ၊ ခေတ်အမြင်ကို ထင်ဟပ်စေသော ကာတွန်း၊ ရုပ်ပုံများဖြင့် ပြသထားသည်။

ဆုချီးမြှင့်

ထို့ပြင် ကွန်ပျူတာတက္ကသိုလ်၏ကွန်ပျူတာဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ Soft Guide Computer ၏ ပံ့ပိုးကူညီမှုဖြင့် Language Lab ပြိုင်ပွဲကို နေ့စဉ် နံနက်ပိုင်းမှ စတင်၍ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသည့် အခြေခံပညာကျောင်းများအား ဆုများကို နေ့စဉ် ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပြည်ထောင်စုနေ့ပြပွဲကို ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ ဖြစ်ကြသည့် “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားရေး ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး” ဦးတည်ချက်များဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၈ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီ အတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မော်လမြိုင်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဖေဖော်ဝါရီ ၆ရက်တွင် မုဒုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်း ဆောက်လုပ်မည့်နေရာနှင့် သင်တန်းများ ယာယီဖွင့်လှစ်သင်ကြားရန် စီစဉ်ထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စေတနာထားကြိုးပမ်း

ဝန်ကြီးသည် မော်လမြိုင်မြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မော်လမြိုင်မြို့ ဖွံ့ဖြိုးစည်ပင်ရေးအတွက် လုပ်ငန်းများကို စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲ ဝိုင်းဝန်းလက်တွဲ အမျိုးသားညီလာခံကြီးက အခြေခံမူကြီး ၁၀၄ ချက် ချမှတ်နိုင်ခဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကသာ ပြည်ထောင်စုမပြိုကွဲရေး အာမခံချက်ပေးနိုင်

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား မော်လမြိုင်ခရိုင် မုဒုံမြို့ ကော့ပရုံစံပြကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကော့ပရုံစံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်နှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်ခရိုင် အတွင်းရှိ မော်လမြိုင်၊ မုဒုံ၊ကျိုက်မရော၊ချောင်းဆုံ၊သံဖြူဇရပ်၊ရေးမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မုဒုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများမှ အသင်းစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၃၅၀၀ ကျော် တစ်ခဲနက် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှစတင်၍ သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့နယ်အလိုက် စစ်ကြောင်းများဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပမည့် ကော့ပရုံစံပြကျေးရွာ အလယ်တန်းကျောင်း ရှေ့ရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျ နေရာယူကြသည်။

ရှေးဦးစွာ မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက **'ပြည်မြန်မာ'** သီချင်းနှင့် **'ရာသက်ပန် ပြည်ထောင်စု'** တေးသီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မုဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထားထားလွင်၊မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊မုဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးဦးဝင်းကြည်နှင့်ကော့ပရုံကျေးရွာမှ ရပ်မိရပ်ဖ ဦးကျော်သန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဒေါ်အေးအေးမျိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်သက်နှင်းဝေတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထူးခြားသည့်ဝိသေသ

ထို့နောက် သဘာပတိ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဤအခမ်းအနားကြီး ကျင်းပနေသည့် အချိန်ကို ပြန်ကြည့်မည်ဆိုလျှင် အမိမြန်မာနိုင်ငံတော်တွင် ထူးခြားမှုနှစ်ရပ် ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ပထမထူးခြားမှုမှာ ယခု ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ကြီးဖြစ်ပြီး ဒုတိယထူးခြားမှုမှာ လာမည့် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြသည့် အမျိုးသားညီလာခံကြီး ပြန်လည် ကျင်းပမှာဖြစ်သည့်အတွက် ထူးခြားသည့် ဝိသေသလက္ခဏာကို ဖော်ပြနေကြောင်း။

ပြည်ထောင်စုနေ့နှင့် စပ်လျဉ်း၍ တင်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံသည် ခိုင်မာသည့်လူမျိုးသမိုင်း၊ ခိုင်မာသည့် နိုင်ငံသမိုင်းရှိပြီး သယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝကာ ပထဝီအနေအထားအရ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက် အချက်အချာကျသည့်နိုင်ငံ ဖြစ်ကြောင်း။

ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံတော်ကို ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲကာ သိမ်းပိုက်ကျွန်ပြုခဲ့သည့်အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် သူ့ကျွန်မခံဇာတိမာန်ဖြင့် ဆန့်ကျင်တွန်းလှန်ခဲ့ကြကြောင်း။

လက်တွဲကြိုးပမ်း

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု အရှိန်အဟုန် မြင့်မားလာသည့်အခါ မြန်မာနိုင်ငံအား လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့သည့် အခြေအနေတွင် နယ်ချဲ့တို့သည် မသမာသောစိတ်ထားဖြင့် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရာတွင် တောင်တန်းဒေသကို ချန်လှပ်ထားရန်ကြံစည်ခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းရင်းသားလူမျိုးများက ပင်လုံညီလာခံကို ကျင်းပကာ စည်းလုံးညီညွတ်မှုအင်အားကိုပြနိုင်ခဲ့ကြသည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် ယနေ့အထိ သတ်မှတ်ကာ မြန်မာတိုင်းရင်းသားအားလုံးတို့၏ နေ့ထူးနေ့မြတ် ဖြစ်ကြောင်း ဖော်ပြအပ်ပါကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်ဖြင့်လည်း ခိုင်ခိုင်မြဲမြဲ ဝိုင်းဝန်းလက်တွဲကြိုးပမ်းသွားကြမှာဖြစ်ကြောင်း။

ထူးခြားချက် နောက်တစ်ခုဖြစ်သည့် အမျိုးသားညီလာခံနှင့် ပတ်သက်၍ ဆက်လက်တင်ပြလိုကြောင်း။

အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် မရှိမဖြစ်သည့် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အရေးကြီးသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာစေရန် အမျိုးသားညီလာခံကြီးကို ကျင်းပခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များပါဝင်သည့်အစုအဖွဲ့ ရှစ်ဖွဲ့ဖြင့် ကျင်းပခဲ့ကြောင်း။

အာမခံချက်ပေးနိုင်

လုပ်ထုံးလုပ်နည်းများအရ စနစ်တကျချမှတ်ကာ အမျိုးသားညီလာခံကို ကျင်းပခဲ့ရာတွင် ညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုချက်၊ တင်ပြချက်များနှင့်အညီ အခန်းအလိုက်ခေါင်းစဉ်များသတ်မှတ်ကာ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အရေးပါသည့် အခြေခံမူကြီး ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားညီအစ်ကိုများအတွက် ခိုင်မြဲသည့်စုစည်းမှုအင်အားကိုရရှိစေသည့်အပြင် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး၊ ပြည်ထောင်စုမပြိုကွဲရေးအတွက် ခိုင်မာသည့် အာမခံချက်ကို ပေးနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် တိုင်းပြည်နှင့်လူမျိုးအတွက် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ခိုင်မာတောင့်တင်းသည့် အမျိုးသားရေးအင်အားစုတစ်ရပ်အဖြစ် တည်ရှိရန် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း။

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ လိုအပ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးက ယင်းလိုအပ်ချက်များပြည့်စုံအောင် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်သကဲ့သို့ လူမှုရေးအသင်းအဖွဲ့များ၊ မျိုးချစ်အင်အားစုများ၊ ရပ်မိရပ်ဖများနှင့်အတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မုဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင် ဒေါ်လှထိုက်မော်ကတင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် သုခဒုက္ခများကို မျှဝေခံစားခဲ့ကြသည့် ညီအစ်ကိုမောင်နှမများဖြစ်ကြကြောင်း။

နည်းမျိုးစုံဖြင့်လုပ်ဆောင်

ကိုလိုနီနယ်ချဲ့များသည် မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ပြီးနောက် တိုင်းရင်းသားပြည်သူများအကြား နှစ်ပေါင်းကြာရှည်ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုများ ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြကြောင်း။

စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ပျက်ယွင်းစေရန် နယ်ချဲ့တို့က အစီအစဉ်ရှိရှိ သွေးခွဲအုပ်ချုပ်ခဲ့ကြကြောင်း။

သို့သော် အမြော်အမြင်ကြီးမားသည့် မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် တိုင်းရင်းသားခေါင်းဆောင်များ၏ စွမ်းဆောင်ချက်ကြောင့် မြန်မာနိုင်ငံတဝန်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြောင်း။

အခိုင်အမာတည်ဆောက်

လွတ်လပ်ရေး ရရှိပြီးသည့်တိုင်အောင် ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့သည့် ဒဏ်ရာဒဏ်ချက်များကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယစိတ်များဝင်ကာ နှစ်ပေါင်း ၄၀ ကျော်ကြာအောင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ကြပြီး တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှု နောက်ကျခဲ့သည့် သမိုင်းသင်ခန်းစာကို ရယူကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ပိုမိုရင့်သန်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုအုတ်မြစ် အခိုင်အမာတည်ဆောက်ကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲတည်ဆောက်နိုင်မှသာ တိုင်းပြည် တည်ငြိမ် အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းစေရန် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည် စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း။

ဘက်စုံကဏ္ဍစုံတိုးတက်

တပ်မတော်အစိုးရ လက်ထက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ၁၉၈၉ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက ကျပ် ၃၀၈၅၆ သန်း၊ ဝန်ကြီးဌာနအသီးသီးက ကျပ် ၂၉၄၂၂ သန်း စုစုပေါင်းကျပ် ၆၀၂၇၉ သန်း သုံးစွဲဆောင်ရွက်ခဲ့သည့်အတွက် နယ်စပ်ဒေသများတွင် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်၍ စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်းခဲ့မှုကြောင့် တစ်နိုင်ငံလုံးရှိ နယ်စပ်ဒေသများ၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယနေ့ အချိန်အခါတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်များ ပိုမိုတိုးတက်ခိုင်မာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းရင်းသားပြည်သူလူထုအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုရင့်သန် ခိုင်မာသည်ထက်ခိုင်မာစေရန် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို လေးနက်မွန်မြတ်သည့် အမျိုးသားရေးဦးတည်ချက်ငါးရပ်ဖြင့် ကျင်းပသွားရန် စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကော့ပရုံစံပြကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

✳ *ကျောဖုံးမှ*

အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်ငါးရပ်နှင့် အညီ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားကျင်းပရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရေးအစီအစဉ်အရ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု လှည်းကူးမြို့ အားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ နိုင်ငံတော်အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍ လည်းကောင်း သယ်ဆောင်ကြပြီး နံနက် ၉ နာရီ ၂၅မိနစ်တွင် လှည်းကူးမြို့ အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်ကို စိုက်ထူအလေးပြုကာ တစ်ညတာ ရပ်နားလိုက်သည်။

ဂုဏ်ပြုကြိုဆို

ရှေးဦးစွာ ပြည်ထောင်စု အလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည် သယ်ဆောင်ရန်အတွက် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန် ဧည့်ခန်းမ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ ခြံရံကာ မြို့တော်ခန်းမမှသတ်မှတ်လမ်းကြောင်းအတိုင်း မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်လာရာ မြို့တော် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍ ဂုဏ်ပြုကြသည့်နည်းတူ ပြည်သူများကလည်း ဂုဏ်ပြုကြိုဆိုအလေးပြုကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မဟာဗန္ဓုလပန်းခြံရှေ့အရောက်တွင် အသင့်စောင့်ဆိုင်းနေသော ၂၀၀၅ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မဟာဗန္ဓုလလမ်းအတိုင်း ဆက်လက်သယ်ဆောင်သွားကာမဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံထောင့်အရောက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထံ ပြည်ထောင်စု အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်စဉ်။
(သတင်းစဉ်)

ထို့နောက်ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ပြည်ထောင်စုအလံတော်ကိုသယ်ဆောင်သွားပြီး နံနက် ၇ နာရီတွင် ပြည်ထောင်စု အလံတော် သယ်ဆောင်သွားမည့် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ဆက်လက်သယ်ဆောင်

ဆက်လက်၍ ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကိုတပ်မတော် (ကြည်း၊ရေ၊လေ)၊ရဲအရာရှိ လေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများ လိုက်ပါ၍ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု လှည်းကူးမြို့သို့ပြည်ထောင်စုလှေဖြင့်မဟာဗန္ဓုလလမ်း၊ ပန်းဆိုးတန်းလမ်း၊ အနော်ရထာလမ်း၊ ဘုန်းကြီးလမ်း၊ယင်းမှ ရန်ကုန်-ပြည်လမ်းအတိုင်း ထောက်ကြန့် လမ်းဆုံအထိ၊ယင်းမှ ရန်ကုန်မန္တလေးလမ်းအတိုင်း ဆက်လက်သယ်ဆောင်၍ လှည်းကူးမြို့နယ် အလံတော်ကြိုဆိုရေးမှခ်ဦးသို့ သယ်ဆောင်ကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် လှည်းကူး မြို့နယ်ကြိုဆိုရေးမှခ်ဦးသို့ ရောက်ရှိပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလျက် သယ်ဆောင်ကာ ကြိုဆိုရေးမှခ်ဦးတွင် အသင့်စောင့်ဆိုင်းနေသော လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်-မန္တလေးလမ်းအတိုင်း လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဝင်းမြိုင် ခေါင်းဆောင်သော အလံသယ်ယူရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်အေးအေးသန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်စန်းရင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဦးကြင်ဦး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးမှ ဗိုလ်ကြီးမျိုးကျော်လတ် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှည်းကူးပညာရေးကောလိပ်မှ ဒေါ်ဖြူဖြူဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမောင်မောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဌာနမှ ဦးခင်မောင်စိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အင်းတိုင်ဖိနပ်စက်ရုံမှ ဦးအောင်မြင့်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းမှ ဦးမြဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှ ဦးညွန့်ခင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှည်းကူးမြို့ အရက်ချက်စက်ရုံမှ ဦးဝင်းမြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးအောင်ရဲမင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးတင်ရီ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြီးညို ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းလွင်ခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့တို့က လက်ဆင့်ကမ်းအသီးသီး သယ်ဆောင်လာကြပြီးနောက် လှည်းကူးမြို့နယ် အားကစားကွင်းထိပ်ရှိ ကြိုဆိုရေးမုခ်ဦး၌အသင့်စောင့်ဆိုင်းနေသော ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) အလံတော်သယ်ယူရေးအဖွဲ့က အားကစားကွင်းထိပ်အရောက်တွင် ပြည်ထောင်စုနေ့ အလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက တပ်မတော်(ကြည်း၊ရေ၊လေ)ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာပြီး နံနက် ၉ နာရီ ၂၅ မိနစ်တွင် လှည်းကူးမြို့နယ်အားကစားကွင်းစင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုနေ့အလံတော်ကို အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။ ဆက်လက်၍ လှည်းကူးမြို့ အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင်စုနေ့ အလံတော်ကို မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၊ လာရောက်အလေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်း သယ်ဆောင်လာစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်သို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာရာ ပြည်သူများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်းပြီး လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။
(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း ပြည်ထောင်စုအလံတော် တစ်ညတာ ညအိပ်ရပ်နားမည့် ရန်ကုန်မြောက်ပိုင်းခရိုင်လှည်းကူးမြို့ အားကစားကွင်း စင်မြင့် ငွေဖလား၌ စိုက်ထူစဉ်။
(သတင်းစဉ်)

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော တနင်္သာရီတိုင်း

သီဟအောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းခုနစ်သွယ် ပြည်နယ်ခုနစ်ခုဖြင့် ပေါင်းစုဖြစ်တည်လျက်ရှိပြီး တိုင်းနှင့်ပြည်နယ် တိုင်း၌လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မျိုးနွယ်စုအားလုံးသည် အေးအတူပူအမျှ အတူတကွ စုပေါင်း နေထိုင်လျက် ရှိကြသည်။

နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် ဒေသမစွဲ၊ ဝါဒမစွဲဘဲ မခွဲမခွာ ကြည်သာရွှင်ပျနေထိုင်နိုင်ခဲ့ကြခြင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံ ခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း တည်းဟူသော မိသားစု စိတ်ဓာတ်ကြောင့်ပင် ဖြစ်သည်။

ယင်းသို့ အသီးတစ်ရာအညာတစ်ခု မဏ္ဍိုင်ပြုထားသည့် မိသားစု စိတ်ဓာတ် ရောင်ပြန်ဟပ်နေသော မြန်မာ တိုင်းရင်းသားတိုင်းတွင် တူညီသော၊ ချစ်စဖွယ်ဖြစ်သော စရိုက်လက္ခဏာများလည်း ရှိနေပေသည်။

စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော် ခေါင်းဆောင်ငယ်များ အဖြစ် ပြည်ထောင်စုကြီး၏ ဒေသအနှံ့အပြား၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြမည့် သင်တန်းဆင်းအရာရှိများအား–

"ဒို့ဘိုးဒို့ဘွား တစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ ဒို့နိုင်ငံမှာ အေးအတူပူအမျှ စုပေါင်း နေထိုင်ခဲ့ကြတယ်။ ဒို့တိုင်းရင်းသား အားလုံးဟာ မွေးဖွားသည်နဲ့ တစ်ပြိုင်နက် နိုင်ငံသား ဖြစ်ကြတဲ့ တူညီသော အခွင့်အရေးနဲ့ နေထိုင်နိုင်ခဲ့ကြတာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပြီ ဖြစ်တယ်။ ကတိသစ္စာတည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ် ပွင့်လင်းခြင်း၊ ဖော်ရွေခြင်း၊ ရက်ရောခြင်း၊ စိတ်ရင်းစေတနာ ကောင်းခြင်း စတဲ့အင်္ဂါရပ်တွေဟာတိုင်းရင်းသား အားလုံးမှာ တူညီစွာရှိနေကြပြီး ဒို့လူမျိုးရဲ့ စရိုက်လက္ခဏာ ဖြစ်နေတာကို တွေ့ရလိမ့်မယ်"

ဟူ၍ လမ်းညွှန်မှုပြုခဲ့သည်။

တပ်မတော်သည် ကတိသစ္စာ တည်ကြည်စွာဖြင့် ပြည်ထောင်စု အကျိုးကို ထာဝစဉ်ရှေးရှု သယ်ပိုးသည်။ ရိုးသားဖြောင့်မတ်စွာဖြင့် နိုင်ငံတော်၏ အနာဂတ်အရေးကို မျှော်တွေးရှုမြင်သည်။ ဖော်ရွေခြင်း၊ ရက်ရောခြင်းဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး ပံ့အောပြီး အလုပ်အကျွေးပြုသည်။ စိတ်ရင်းစေတနာမှန်ဖြင့် သံသယပျောက်ပြီး အမှန်ဘဝရောက်အောင် လက်တွဲခေါ်ဆောင်လျက်ရှိသည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က မြန်မာနိုင်ငံ၏အရှည်လျားဆုံးနှင့် အကြီးမားဆုံး တံတားကြီးဖြစ်သည့် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်အားပေး ချီးမြှင့်ခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

"နိုင်ငံတော်အစိုးရအနေဖြင့် ဤဒေသအတွက်၊ တိုင်းပြည်အတွက် မင်္ဂလာရှိပြီး အကျိုးပြုသည့် ဤတံတားကြီး တည်ဆောက်ပေးချင်သည်မှာ နှစ်ကာလ ကြာပြီဖြစ်ကြောင်း၊ သို့ရာတွင် အခက်အခဲများစွာ ရှိသည့်အတွက် ချက်ချင်းအကောင်အထည်မဖော်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ငွေရေးကြေးရေး အခက်အခဲနှင့် အတတ်ပညာ အခက်အခဲတို့ကြောင့် အခြေအနေ၊ အချိန်အခါကို စောင့်နေခဲ့ရကြောင်း။

"ယခုအခါ တိုင်းပြည်၏ စီးပွားရေးမှာ အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသကဲ့သို့ အတတ်ပညာပိုင်း အနေဖြင့်လည်း တံတားအသေးစား၊ အလတ်စား၊ အကြီးစားတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လာနိုင်သည်နှင့်အမျှ အတတ်ပညာနှင့် အတွေ့အကြုံများကို စုဆောင်းလာနိုင်သဖြင့် ယခုကဲ့သို့ တံတားကြီးမျိုးကို စတင်တည်ဆောက်လာနိုင်အား ရှိလာကြောင်း။

"မည်သို့သော အခက်အခဲမျိုးကို ကြုံတွေ့ရသည်ဖြစ်စေ၊ တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအင်အားတို့ ခိုင်မာစွာရှိနေရန် အရေးကြီးကြောင်း၊ ယင်းအင်အားနှစ်ရပ်ဖြင့်ပင် ကြုံတွေ့ရသော အခက်အခဲများကို မိမိတို့ကျော်လွှားနိုင်ကြောင်း"

ဖြင့် ပြည်သူလူထုအား အသိပေးပြောကြားခဲ့သည်။

တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အားနှင့် ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားနှစ်ရပ် ခိုင်မာစွာတည်ရှိနေသမျှကာလပတ်လုံး ပြည်ထောင်စုကြီး၏ နေရာဒေသအားလုံး၌ အဖိုးတန်အမျိုးမှန်သည့် မိုးပျံတံတားအစင်းစင်းကို တပ်မတော်အစိုးရက တစ်စင်းပြီးတစ်စင်း ခင်းပြီးရင်း ခင်းပေးသွားနိုင်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို သာဓကပြဆို၍ တင်ပြအပ်ပေသည်။

တနင်္သာရီတိုင်း

တနင်္သာရီတိုင်းသည် မွန်ပြည်နယ်နှင့် တစ်သွေးတည်းတစ်သားတည်း ဆက်စပ်လျက် မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းအစွန်ဆုံးတွင် တည်ရှိသည်။ စတုရန်းမိုင်ပေါင်း ၁၆၇၃၆ ကျယ်ဝန်းပြီး ဗမာ၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ဆလုံတိုင်းရင်းသားမျိုးနွယ်စုများ ပြည်ထောင်စုငယ်တစ်ခုအသွင် အတူတကွ ပူးပေါင်းနေထိုင်လျက် ရှိကြသည်။ လက်ရှိလူဦးရေ ၁၅၃၇၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၉၂ ဦး ဖြစ်သည်။

ယေဘုယျအားဖြင့် အမြင့်ပေ ၃၀၀၀ ခန့်ရှိသော တောင်တန်းများသည် အနောက်မြောက် ယွန်းယွန်းမှ အရှေ့တောင် ယွန်းယွန်းသို့ သွယ်တန်းလျက်ရှိပြီး တောင်ထူထပ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ထိစပ်နေသော ကမ်းရိုးတန်းဒေသဖြစ်၍ ကျဉ်းမြောင်းရှည်လျားသော လွင်ပြင်များရှိသည်။ မြစ်ချောင်းများပြားပြီး ထားဝယ်မြစ်၊ တနင်္သာရီမြစ်နှင့် လေညာမြစ်များ ထင်ရှားသည်။ ကမ်းလွန်ပင်လယ်ပြင်တွင် ကျွန်းအမြောက်အမြား တည်ရှိသည်။

စိုက်ပျိုးရေး

ယခင်က ရော်ဘာစိုက်ပျိုးမှုကိုသာ အားပြုခဲ့သော တနင်္သာရီတိုင်း၏ စိုက်ပျိုးရေးပုံစံသည် နိုင်ငံတော်၏ အားသစ်လောင်း ပုံသဏ္ဌာန်ပြောင်းပေးမှုကြောင့် ကာလဒေသ ရေမြေသဘာဝနှင့် ကိုက်ညီလာခဲ့သည်။ ဒေသဆန်ဖူလုံရေး ကူညီဖြည့်ဆည်းပေးသဖြင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ခဲ့သည်။

စိုက်ပျိုးမြေဧရိယာ တစ်သိန်းကျော် တိုးမြှင့်ဖော်ထုတ်နိုင်ခဲ့ရာ မြစ်ရေတင်စီမံကိန်းများ၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှုလုပ်ငန်းများဖြင့် ဧကေကိုးသောင်းကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။ ကော့သောင်းမြို့နယ်တွင် ရေပေးဝေရေးအတွက် ယင်းဝါရေလှောင်တမံ တည်ဆောက်ပေးထားပြီး ထားဝယ်မြို့နယ်၌ စိုက်ပျိုးမြေဧက ၃၂၀၀ကို ရေပေးဝေနိုင်ရေးအတွက် အညာဖြား ရေလှောင်တမံ တည်ဆောက်ပေးလျက်ရှိသည်။

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်၊ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ်၊ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်၊ စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီ စသည်ဖြင့် ဒေသထွက်ကုန် ကုံလုံကြွယ်ဝစေရေး ဦးတည်ဖော်ဆောင် ပေးနေသကဲ့သို့ တနင်္သာရီတိုင်းကိုလည်း မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်ဟူ၍ ရည်မှန်းချက်ထား ဖြည့်ဆည်းအားပေးနေသည်။ တိုင်းပြည်၌ နှစ်စဉ်တိုးတက်လာသော လူဦးရေအတွက် စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ရေရှည်ရည်မှန်းချက်များထားရှိ ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း၌ ဆီအုန်းဧက တစ်သိန်းကျော်အထိ တစ်ဟုန်ထိုး တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

တနင်္သာရီတိုင်း၏ ဆီအုန်းစိုက်ပျိုးမှု တိုးတက်လာခြင်းသည် တိုင်းရင်းသား လုပ်ငန်းရှင်များက တပ်မတော် အစိုးရ၏မူဝါဒကို လေးစားလိုက်နာပြီး နိုင်ငံတော်၏စေတနာကို တုံ့ပြန်သယ်ပိုးသည့် အစဉ်အလာ ကောင်းတစ်ရပ်ကိုလည်း တစ်ပါတည်း ပျိုးထောင်ပေးလိုက်ခြင်းဖြစ်သည်။ ယခုအခါ တနင်္သာရီကမ်းရိုးတန်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဝဲယာတွင် တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ဆီအုန်းလုပ်ကွက်ကြီးများ ဝေဆာလျက်ရှိသည်။ ဆီအုန်းဧကခုနစ်သိန်းအထိ စိုက်ပျိုးသွားမည်ဖြစ်ရာ တနင်္သာရီတိုင်းသည် ဆီကိုရေချိုး၊ သဘာဝဓာတ်ငွေ့အိုးဖြင့်မီးလှုံ၊ စပါး တောင်လိုပုံ ဟူသော စာချိုးဖြင့် တစ်ဟုန်ထိုး တိုးတက်လာတော့မည်ဖြစ်သည်။

ဒေသဆန်ဖူလုံအောင် မဖြစ်မနေ ဖြည့်စွမ်းကာ ရော်ဘာနှင့် ငရုတ်ကောင်းကို တစ်ဖက်တစ်လမ်းမှ အားပြုပြီး မြန်မာ့ဆီအိုးကြီးဖြစ်ရန် တာစူနေသည့် တနင်္သာရီတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားမှာ အောက်ပါအတိုင်း ဖြစ်သည်–

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၅၃၆၉၀၄	၆၇၆၈၆၀	၁၃၉၉၅၆
– မြေလွတ်မြေရိုင်းဧက	၉၂၆၁၉၄	၇၆၃၉၂၉	–
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၁	၃	၂
– ဆောင်ရွက်ပြီးလုပ်ငန်း	၁	၂	၁
– ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၁	၁
– မြစ်ရေတင်လုပ်ငန်း	မရှိ	၄	၄
– ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၂	၂
– ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၂	၂
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၂၁၆၇	၂၁၆၇
– စုစုပေါင်းအကျိုးပြုဧက	၂၅၇	၉၁၇၀၁	၉၁၄၄၄
သီးထပ်ဧကဖြစ်ထွန်းမှု	၃၉၂၅	၃၇၂၀၁	၃၃၂၇၆
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၁၉၃၃၁၇	၃၂၂၅၈၉	၁၂၉၂၇၂
– တစ်ဧကအထွက်နှုန်း	၅၅.၁၈	၆၅.၃၅	၁၀.၁၇
– နွေစပါးစိုက်ဧက	မရှိ	၃၀၁၀၀	၃၀၁၀၀
– တစ်ဧကအထွက်နှုန်း	မရှိ	၆၅.၈၁	၆၅.၈၁
– စုစုပေါင်းထုတ်လုပ်မှု	၁၀၂၈၂	၂၂၇၃၆	၁၂၄၅၄
– ဒေသဝမ်းစာဖူလုံမှု	–	၁၀၀%	၁၀၀%
ပဲမျိုးစုံစိုက်ဧက	မရှိ	၆၅၃၂	၆၅၃၂
ရော်ဘာစိုက်ဧကတိုးတက်မှု	၈၈၄၄၉	၁၀၈၁၄၇	၁၉၆၉၈
ဆီအုန်းစိုက်ဧကတိုးတက်မှု	၁၆၈၇၈	၁၃၅၈၂၅	၁၁၈၉၄၇
ငရုတ်ကောင်းစိုက်ဧကတိုးတက်မှု	၅၄	၂၀၉၂၃	၂၀၈၆၉

မွေးမြူရေးနှင့်ရေလုပ်ငန်း

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးများကို လည်းကောင်း၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် နည်းပညာကိုလည်းကောင်း ဖြန့်ဖြူးပေးလျက်ရှိသည်။ တိရစ္ဆာန် ရောဂါကာကွယ်ကုသရေးလုပ်ငန်းကိုပါ ယှဉ်တွဲဆောင်ရွက်ပေးနေသဖြင့် တနင်္သာရီတိုင်း၏ အသားကဏ္ဍ တိရစ္ဆာန်မွေးမြူမှု သုံးဆအထိ မြင့်တက်လာသည်။ ကမ်းရိုးတန်းဒေသဖြစ်၍ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး ငါးပုစွန်မွေးမြူမှုကဏ္ဍသစ်ကိုပါ မျက်မှောက်ခေတ်၌ ထိထိရောက်ရောက် ဆောင်ရွက်နိုင်လျက်ရှိကြောင်းကို အထက်တစ်ဖက်ပါဇယားတွင် တွေ့ရှိနိုင်သည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု(သိန်း)	၁၀.၁၂	၃၂.၄၅	၂၂.၃၃
ငါး၊ပုစွန်တိုးချဲ့မွေးမြူမှု			
– ငါးမွေးမြူရေးကန်ဧက	မရှိ	၂၂၆.၁၃	၂၂၆.၁၃
– ပုစွန်မွေးရေပြင်ဧက	မရှိ	၉၃၅.၂၁	၉၃၅.၂၁

သစ်တောပြုစုပျိုးထောင်မှု

"နိုင်ငံတော်၏ သစ်တောသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက ရေရှည်တွင် အကျိုးမဲ့မှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရမည် ဖြစ်သည်။ သစ်တော သယံဇာတများ ပျက်စီးပါက ရေသယံဇာတ၊ မြေ သယံဇာတများလည်း ဆက်စပ်ဆုံးရှုံးမည်ဖြစ်ရာ လတ်တလော အကျိုးစီးပွားကို မကြည့်ဘဲ ရေရှည်အကျိုးစီးပွားကိုကြည့်၍ ထိန်းသိမ်းစောင့်ရှောက်ကြရန် အရေးကြီးသည်။"

ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တနင်္သာရီတိုင်း၏ သစ်တော သယံဇာတများ ရေရှည် တည်တံ့ရေးအတွက် တိုးမြှင့်ဖော်ဆောင်ပေးနိုင်ခဲ့သည်။ သဘာဝနယ်မြေဧရိယာ စတုရန်းမိုင် နှစ်ထောင်ကျော်အထိ သတ်မှတ်ထိန်းသိမ်း စောင့်ရှောက်နေသည်။ တပ်မတော်အစိုးရလက်ထက်၌ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်ကို နှစ်စဉ်စိုက်နေသဖြင့် ယခင်ကထက် သစ်တောစိုက်ခင်းများ ပိုမိုတိုးတက်လာသည်ကို အောက်ပါဇယားက ဖော်ပြနေသည်–

*** စတုရန်းမိုင်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၄၅၀၀	၄၅၂၆	၂၆
ကြိုးပြင်ကာကွယ်တော*	မရှိ	၃၅၇	၃၅၇
သဘာဝနယ်မြေဧရိယာ*	၁၈.၉၉	၂၂၃၄.၃၈	၂၂၁၅.၃၉
စိုက်ခင်းထူထောင်ခြင်း(ဧက)	၆၀၀	၉၇၉၅	၉၁၉၅
– စီးပွားရေးစိုက်ခင်းဧက	၆၀၀	၇၈၇၅	၇၂၇၅
– ကျေးရွာသုံးစိုက်ခင်းဧက	မရှိ	၁၇၇၀	၁၇၇၀
– ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၁၅၀	၁၅၀
သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၃၀၀	၃၀၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း*	၀.၀၁	၄.၅၂	၄.၅၁

***အပင်(သန်း)**

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

ယခင်က ရခိုင်ပြည်နယ်ကို လူမှုပထဝီဆရာများက ရခိုင်ကမ်းမြောင်ဒေသဟု ခေါ်ခဲ့ကြသည်။ ထို့အတူ တနင်္သာရီတိုင်းကိုလည်း တနင်္သာရီကမ်းမြောင်ဒေသဟု ရေးသားခဲ့ကြသည်။ ပင်လယ်ပြင်နှင့် ရိုးမတောင်တန်းများကြား၌ အလျားလိုက် ရှည်ရှည်မျောမျော တည်ရှိနေသောသဏ္ဌာန်ကို ပုံဖော်ရေးသားခဲ့ကြခြင်း ဖြစ်သည်နှင့်အညီ ရခိုင်ပြည်နယ်ရော တနင်္သာရီတိုင်းပါ ဟိုယခင်ကာလများက ဖျော့တော့တော့ ကြုံလှီလှီ ဖြစ်ခဲ့ကြရသည်။

တပ်မတော်အစိုးရသည် ပထဝီအရ မတူညီသောဒေသအသီးသီးကို တူတူညီညီ ပီပီသသ သာယာလှပအောင် ထုဆစ်သွန်းလောင်းပေးနေသော အစိုးရဖြစ်သည်။ ထိုထိုသော ဒေသများ ခါးဆက်မပြတ်ရအောင် လမ်းတံတားများဖြင့် ဂဟေဆက်သည်။ ပင်မရေစီး တစ်သားတည်းဖြစ်စေပြီး အရောင်မခွဲဘဲ တစ်ရောင်တည်း ခြယ်ပေးသည်။ ဥယျာဉ်မှူး တစ်ဦးကဲ့သို့ ပြည်ထောင်စု ဥယျာဉ်နန်း၌ ပန်းတိုင်းပွင့်စေပြီး လမ်းတိုင်းကို မြှင့်တင်ပေးခဲ့သည်။

ဤသို့ဖြင့် တနင်္သာရီတိုင်း၏ လမ်းတံတားကဏ္ဍသည် ညီနောင်ပြည်နယ်၊ တိုင်းများနှင့် ကွန်ရက်သဖွယ် ချိတ်ဆက်မိလာသည်။ မြန်မာပြည်မြောက်ပိုင်း ပူတာအိုမှ မြန်မာပြည်တောင်ပိုင်း ကော့သောင်းအရောက် ဖြောင့်ဖြောင့်တန်းတန်း ဖြတ်သန်းပြီး ခရီးနှင်နိုင်ခဲ့ပြီ။

ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း ကော့သောင်းလမ်းသည် ရာသီမရွေး ချောမွေ့လျင်မြန်စွာ သွားလာနိုင်သည့် ပြည်ထောင်စုလမ်းမကြီးအဖြစ် တည်ရှိလာသည်။ ကတ္တရာလမ်းမိုင် ၄၁၀ ကျော်အပါအဝင် တနင်္သာရီတိုင်း၏ လမ်းအလျား သည် ၆၈၉ မိုင်ကျော် ရှိနေလေရာ ၁၉၈၈ ခုနှစ်ကထက် ၂၉၂ မိုင် ၂ ဖာလုံ တိုးတက်လာခဲ့သည်။

ပြည်ထောင်စုလမ်းမကြီး၏ လက်တံရှည်လျားလာသည်နှင့်အမျှ ပေ ၁၈၀ အထက်တံတားကြီး ၁၄ စင်းသည် တိုင်းအတွင်း မြင်ကွင်းသစ်များအဖြစ် ပေါ်ထွက်ခဲ့သည်။ ထိုအထဲတွင် ပေ ၁၈၀အထက် အထူးစီမံကိန်းဝင် တံတားကြီး ခုနစ်စင်းပါဝင်သည်။ သရက်ချောင်းမြို့နယ်၌ ပေ ၅၀၀ ရှည်သည့် ဝင်း၀၊ ပုလောမြို့နယ်၌ ပေ ၅၀၀ ရှည်သည့် ပုလောက်နှင့် ပေ ၆၀၀ ရှည်သည့် ပုလော၊ မြိတ်မြို့နယ်၌ ၃၆၁၂ ပေရှည်သည့် ကျွဲကူး–ကျောက်ဖျာနှင့် ၈၁၀ ပေ ရှည်သည့် ပသောင်း၊ တနင်္သာရီမြို့နယ်၌ ပေ ၁၃၆၀ ရှည်သည့် တနင်္သာရီ၊ ဘုတ်ပြင်းမြို့နယ်၌ ပေ ၈၆၀ ရှည်သည့် လေညာ–မဏ္ဍိုင်တို့သည် နာမည်ထင်ရှား တံတားကြီးများဖြစ်သည်။ ရေဖြူမြို့နယ် ရေး–ထားဝယ် လမ်းပိုင်း၌ ဟိန္ဒတံတားကို တည်ဆောက်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဖြင့်လည်း တနင်္သာရီတိုင်းကို အားဖြည့်ပေးခဲ့သည်။ မွန်ပြည်နယ် ရေးမြို့၌ တန့်ရပ်နေခဲ့သော ရထားလမ်းခရီးကို ၁၀၂ ဒသမ ၃၈ မိုင်ရှေ့တိုးကာ ရေး–ထားဝယ် ရထားလမ်းသစ်အဖြစ် ၁၉၉၈ခုနှစ် မတ်လက ဖွင့်လှစ်ပေးခဲ့သည်။ ကော့သောင်းနှင့် မြိတ်လေယာဉ်ကွင်းများကို ဂျက်လေယာဉ် ဆင်းနိုင်သည့် ကွင်းများအဖြစ် တိုးချဲ့ တည်ဆောက်ပေးခဲ့ပြီး ဆိပ်ခံတံတားလေးစင်း ထပ်မံဖြည့်တင်းပေးထားသည်။

ပင်လယ်ပြင်နှင့်လည်းကောင်း၊ ထိုင်းနိုင်ငံနှင့်လည်းကောင်း ထိစပ်တည်ရှိနေသော တနင်္သာရီတိုင်း၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ဖော်ပြပါအခြေခံကောင်းများ ဖြည့်ဆည်းပေးထားရုံမက နောင်တွင် ချိတ်ဆက်လာမည့် အာဆီယံလမ်းမကြီးများ၊ အာရှလမ်းမကြီးများနှင့်လည်း ပေါင်းစပ်ပေးထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁



၁၉၈၈ ခုနှစ်နောက်ပိုင်း

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

မြိတ်မြို့ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကိုတွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု



တနင်္သာရီကမ်းရိုးတန်း မုတ္တမကမ်းလွန်တွင် မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် နေသည့် ရတနာသဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက် အမှတ် (၁)ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ပြည်တွင်းစားသုံးဆီ အထွက်တိုးစေရန်အတွက် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် စိုက်ပျိုးထားသည့် ဆီအုန်းစိုက်ခင်းကြီးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကျွဲကူး-ကျောက်ဖျာ တံတား

ဒေသတွင်း သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တနင်္သာရီတိုင်း မြိတ်မြို့တွင် တည်ဆောက်ထားသည့် အရှည်ပေ ၃၆၁၂ ပေရှိ ကျွဲကူး-ကျောက်ဖျာတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

၁၉၈၈ ခုနှစ်က ဝေးရပ်ဌာနီ တနင်္သာရီသည် တပ်မတော်အစိုးရလက်ထက်၌ ဖွံ့ဖြိုးဝေစည်တနင်္သာရီ ဖြစ်လာသည်။ ယခင်က တနင်္သာရီကမ်းမြောင်ဒေသဟု အမည်နာမတွင်ခဲ့သည့် တနင်္သာရီတိုင်းသည် ယနေ့ခေတ်၌ တနင်္သာရီ ကမ်းရိုးတန်းဒေသအဖြစ် ထွန်းသစ်စကြယ်တစ်ပွင့်ပမာ လင်းလက်နေပြီဟု အောက်ပါပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက စကားသက်သေဆိုနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ရထားပို့ဆောင်ရေး			
– ရထားလမ်းခရီးမိုင်	မရှိ	၈၇.၄၇	၈၇.၄၇
– သံလမ်းမိုင်	မရှိ	၉၅.၆၈	၉၅.၆၈
– ခရီးသည်ဦးရေ	မရှိ	၃၅၅၀၀	၃၅၅၀၀
– ခရီးသည်မိုင်	မရှိ	၁၈၉၄.၄	၁၈၉၄.၄
– ကုန်တန်ချိန်	မရှိ	၄၄၀၀	၄၄၀၀
– ကုန်တန်မိုင်	မရှိ	၁၈၆.၉	၁၈၆.၉
– ဘူတာရုံ	မရှိ	၂၀	၂၀
လေကြောင်းပို့ဆောင်ရေး			
– လေယာဉ်ကွင်းများ	၄	၅	၁
– ပြေးလမ်းပေ(၅၀၀၀)အထက်	၂	၄	၂
– ပြေးလမ်းပေ(၅၀၀၀)အောက်	၂	၁	အဆင့်မြှင့်တင်
ရေကြောင်းပို့ဆောင်ရေး			
– ဆိပ်ခံတံတား(ပြည်တွင်း)	၇	၁၁	၄
ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု (မိုင်)	**၃၉၇/၀**	**၆၈၉/၂**	**၂၉၂/၂**
– ကတ္တရာလမ်းမိုင်	၂၁၃/၀	၄၁၀/၅	၁၉၇/၅
– ကျောက်ခင်းလမ်းမိုင်	၅/၀	၂၀၅/၄	၂၀၀/၄
တံတားများတိုးချဲ့တည်ဆောက်မှု			
– ပေ(၁၈၀)အထက်တံတား	၈	၁၅	၇
– ပေ(၁၈၀)အောက်တံတား	၁၄၂	၁၉၈	၅၆

ဆက်သွယ်ရေးကဏ္ဍ

တနင်္သာရီတိုင်းသည် ပြည်ထောင်စုဥယျာဉ်ကြီးထဲ၌ ပင်ခြေပင်ခက် ပင်ချင်းယှက်နွယ်နေသည့် ညီနောင်ပြည်နယ်၊ တိုင်းများနှင့်အတူ တပ်မတော်အစိုးရ၏ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးမှုကြောင့် အခက်အလက်စုံလင်လာရုံသာမက ငွားငွားစွင့်စွင့်သီးပွင့်ရန် အားယူနေပြီဖြစ်သည်။ ထို့အတူ ပြည်ထောင်စု အသိုက်အမြုံကြီးထဲ၌ ဥမကွဲ၊ သိုက်မပျက် သမိုင်းစဉ်ဆက်လက်တွဲနေထိုင်လာသော တနင်္သာရီတိုင်း၏ ဆက်သွယ်ရေးကဏ္ဍသည်လည်း အတောင်အလက် စုံလင်လာရုံမက လေကိုဆန်၍ ပျံနိုင်သည့် စွမ်းရည်စွမ်းရပ်များဖြင့် အောက်ပါအတိုင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

*(လူ၁၀၀၀လျှင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၂၉	၄၃	၁၄
ကြေးနန်းရုံး	၉	၂၀	၁၁
ဖက်စ်စီမီလီ	မရှိ	၃၁	၃၁
ကွန်ပျူတာကြေးနန်း	မရှိ	၂	၂
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၆	၂၉	၂၃
– လိုင်းအင်အား	၅၃၀	၅၆၆၆	၅၁၃၆
– အိတ်ချိန်း	၆	၂၃	၁၇
– တိုက်ရိုက်လိုင်း	၄၆၉	၄၇၆၂	၄၂၉၃
– အော်တို/လက်သုံးတယ်လီဖုန်း	၄၆၉	၄၇၀၈	၄၂၃၉
– အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၅၄	၅၄
– တယ်လီဖုန်းသိပ်သည်းဆ*	၀.၄၈	၃.၂၂	၂.၇၄
မိုက္ကရိုဝေ့ဖ်စခန်း	၂	၉	၇
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၆	၆
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– VSAT	မရှိ	၂	၂
– iPSTAR	မရှိ	၆	၆

အော်တိုတယ်လီဖုန်းဌာနလိုင်းအင်အားတိုးချဲ့ခြင်း(ဆောင်ရွက်ဆဲ) – မြိတ် လိုင်းအင်အား (၂၀၀၀)

လျှပ်စစ်စွမ်းအား

ရေသယံဇာတ၊ မြေသယံဇာတကြွယ်ဝသော တနင်္သာရီတိုင်းသည် ယခင် ခေတ်အဆက်ဆက်က တစ်သွေးတစ်မွေး၊ လုပအောင် အရောင်တင်ပေး၊ သွေးပေးနိုင်သူမရှိခဲ့၍ အညှံ့ပန်းတစ်ပွင့်နှယ် ပွဲလယ်မတင့်ရှာခဲ့ပေ။

တပ်မတော်အစိုးရလက်ထက်၌ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုမှုကြောင့် မီးခဲပြာဖုံးဘဝမှ လွတ်ကင်းပြီး ကိုယ်ပိုင်အချင်း၊ ကိုယ်ပိုင်အလင်းဖြင့် ထွန်းလင်းတောက်ပလာရုံမက ပြည်ထောင်စုကြီးကိုပင် အလှဆင်ပေးနိုင်တော့မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်ကာလအထိ တနင်္သာရီတိုင်း၌ ဝဒသမ၁၅၄ မဂ္ဂါဝပ် ထုတ်ပေးနိုင်သည့် မြစ်ငယ်ရေအားလျှပ်စစ် စက်ရုံသာ ရှိခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ကတ္တလူ(ဝဒသမ၁၅မဂ္ဂါဝပ်)နှင့် ရေတံခွန်ချောင်း (ဝဒသမ၁၉၂မဂ္ဂါဝပ်) ရေအားလျှပ်စစ်စက်ရုံနှစ်ရုံ တိုးမြှင့်တည်ဆောက်ပေးခဲ့သည်။

ယခုဆက်လက်၍ မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်ပေးမည့် တနင်္သာရီရေအားလျှပ်စစ်စီမံကိန်း၊ ၂၅မဂ္ဂါဝပ်ထုတ်လုပ် ပေးမည့် သိန်းခွန်ချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၂၀ ထုတ်လုပ်ပေးမည့် သကျက်ချောင်း ရေအားလျှပ်စစ် စီမံကိန်းကြီးများ ထီးထီးမားမား ပေါ်ထွန်းလာပေတော့မည်။

တနင်္သာရီတိုင်း၌ နိုင်ငံတော်က ဖော်ဆောင်ပေးနေသည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများ နေမင်းလမင်း သိန်းရာထောင်ပမာ လင်းလက်ဝေဖြာလာချိန်တွင် တနင်္သာရီတိုင်း၌ရှိလာမည့် စက်တပ်ဆင်အင်အားကို နိုင်ငံ့အင်အားအဖြစ် အောက်ပါအတိုင်း ရရှိခံစားကြရပါလိမ့်မည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း)   * မဂ္ဂါဝပ်

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၃.၅၀၂	၆.၆၁၆	၃.၁၁၄
အမြင့်ဆုံးဝန်အား*	၄.၅၆၇	၈.၇၁၈	၄.၁၅၁
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– တည်ဆောက်ပြီးရေအားလျှပ်စစ်စီမံကိန်း	၁	၃	၂
– တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်း	မရှိ	၃	၃
– ဒီဇယ်ဆီသုံးစက်ရုံ	၂၃	၃၈	၁၅
လက်ရှိစက်တပ်ဆင်အင်အား*	၇.၆၁၂	၁၄.၅၃၁	၆.၉၁၉
ရှိလာမည့်စက်တပ်ဆင်အင်အား*	၇.၆၁၂	၆၅၉.၅၃၁	၆၅၁.၉၁၉

စက်မှုလက်မှု

မျက်မှောက်ခေတ်၌ ထွန်းသစ်လာသည့် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို စက်မှုဇုန်တစ်ခု ဖြင့်လည်း နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည်။ မြိတ်စက်မှုဇုန်၌ လုပ်ငန်းပေါင်း ၁၉ ခုသာရှိသေးသော်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၅၉၃ဒသမ၉သန်း ရှိသည်။ ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ကိုးသန်းကျော်နှင့် ငွေကျပ် ၆၃၃ဒသမ၂၆သန်း ရှိနေသည်။ ရေသယံဇာတ၊ သတ္တု၊ ရော်ဘာ၊ ဆီအုန်းတို့နှင့် ဆက်နွယ်နေသည့် ကုန်ထုတ် စက်ရုံများ တိုးပွားလာပါဦးမည်။ ယခုလက်ရှိတွင်ပင် ပုဂ္ဂလိကစက်ရုံ ၄၈၉ ရုံ တိုးလာသည်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၇၂ ခု ရှိထားသည်။ နိုင်ငံပိုင်စက်ရုံ ၁၂ ရုံ တည်ရှိနေသည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
– မြိတ်စက်မှုဇုန်	မရှိ	၁	၁
– လုပ်ငန်းပေါင်း	မရှိ	၁၉	၁၉
– ပုဂ္ဂလိကစက်ရုံ	၃၃၁	၈၂၀	၄၈၉
– အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	မရှိ	၇၂	၇၂
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	၁၄	၁၂	လွှဲပြောင်း

သတ္တုတွင်းနှင့်တွင်းထွက်သယံဇာတ

တနင်္သာရီတိုင်း၌ ပုလဲရတနာမြေလည်းရှိသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ ပုလဲစခန်းခုနစ်ခုဖြင့် တိုးမြှင့်ရှာဖွေနိုင်သဖြင့် ၁၀၅၄၇၀ဒသမ၅၇ မိုမီ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ခဲမဖြူနှင့်အဖြိုက်နက် ၄၄၇ ဒသမ ၂၉ မက်ထရစ်တန် ဆက်လက်ထုတ်လုပ်ခဲ့သည်။ ကျောက်မီးသွေးသိုက် ရှာဖွေတွေ့ရှိခဲ့ရာ ၁၁၉၁၆၂ဒသမ၈၃ မက်ထရစ်တန် ထုတ်လုပ်ထားသည်။ ဖန်ချက်သဲရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ၉၇၃၄ဒသမ ၃၈ မက်ထရစ်တန် ထုတ်လုပ်ပြီးဖြစ်သည်။

စွမ်းအင်ကဏ္ဍ

တပ်မတော်အစိုးရလက်ထက်၌ ပြည်ထောင်စု ဥယျာဉ်ကြီးထဲမှ ပြည်နယ်၊ တိုင်းအသီးသီးသည် ဘယ်ပန်းသာလို့ ယဉ်ဟု အရွေးရခက်အောင် မွှေးမြလျက်ရှိနေကြသည်။ ပန်းတိုင်းပွင့်စေသူ၏ စေတနာကြောင့် ပွင့်သောပန်းတိုင်း ဝေဆာလှပနေသည်။

“မုတ္တမမှာ ရတနာ၊ တနင်္သာရီမှာ ရဲတံခွန်၊ ရခိုင်ကမ်းလွန်မှာရွှေ”ဟု စာဖွဲ့ရမည့် ကမ်းလွန်ရေနံမြေများ ထူးထူးခြားခြား ပေါ်ထွန်းလာသည်။ အမိမြေကို အခွန့်ရှည်အောင် ချစ်ကြိုးဖွဲ့နှောင်ထားသည့် သားသမီးများအတွက် မိမွေဖမွေ ရတနာမြေများပင် ဖြစ်သည်။ သဘာဝဓာတ်ငွေ့ထွက်ရှိမှုမှာ သားစဉ်မြေးဆက် ဆက်လက်တညီ တစီအလျဉ် သုံးစွဲလျှင်သော်မှ ကုန်နိုင်ဖွယ်မရှိဟု ပီတိစကား ပါးလိုပါသည်။ တပ်မတော်အစိုးရလက်ထက်၌ တနင်္သာရီတိုင်းမှ ပေါ်ထွက်လာသည့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားမှာ အောက်ပါအတိုင်း အားရဖွယ်ကောင်းလှသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ရဲတံခွန်ရေနံမြေ(ကမ်းလွန်)	မရှိ	၁	၁
– သဘာဝဓာတ်ငွေ့ပိုက်လိုင်း(မိုင်)	မရှိ	၂၀၈.၁၅	၂၀၈.၁၅
– ရေနံစိမ်းထုတ်လုပ်မှု(စည်)	–	၂၇၉၂၇၂၃	၂၇၉၂၇၂၃
– ဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေ)	–	၁၀၂၂၉၃.၈၅	၁၀၂၂၉၃.၈၅

ပညာရေး

နိုင်ငံတစ်နိုင်ငံအတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုသည် ပညာရေးဖြစ်သည်ဟူသော ခံယူမှုဖြင့် တပ်မတော် အစိုးရသည် တနင်္သာရီတိုင်း၌လည်း “အတတ်သင်စေ၊ ပေးဝေနီးရင်း”ဟူသည့် ဝတ္တရားနှင့်အညီ စီမံဖော်ဆောင်ပေးလျက်ရှိသည်။

“မျက်မှောက်ခေတ်နဲ့ အနာဂတ်မှာဖြစ်ပေါ်လာမယ့် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်နိုင်တဲ့၊ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် မူတည်တယ်။ နိုင်ငံတော်အတွက် လိုအပ်တဲ့ အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ဒေသ

အလိုက် လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်များကို အမျိုးသားပညာရည်မြင့်မားရေး အထူးစီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်နေတယ်”

ဟူ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ်အထူးအစည်းအဝေး(၁၉–၂–၂၀၀၂)တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြွက်ကြားခဲ့သည်။

တနင်္သာရီတိုင်း၌လည်း လေ့လာသင်ယူမှုအခွင့်အလမ်းများ တပြေးညီ ရရှိနေသည်ကို ယခင်နှင့်ယခု ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားတွင် အောက်ပါအတိုင်း အထင်အရှား တွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	၉၆၂	၁၁၃၂	၁၇၀
– မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၅၁	၅၁
– e-Learning Centre	မရှိ	၁၉	၁၉
– ဆရာ၊ဆရာမဦးရေ	၃၄၅၁	၆၂၃၀	၂၇၇၉
– ကျောင်းသားဦးရေ	၁၄၇၀၇၀	၂၆၇၅၈၃	၁၂၀၅၁၃
– သူငယ်တန်းကျောင်းဝင်နှုန်း	၆၇.၉၇%	၉၆.၀၀%	၂၈.၀၃%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၈၀.၁၈%	၉၈.၃၀%	၁၈.၁၂%
– ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၄၄.၈၂%	၁၄.၄%	(–)၃၀.၄၂%
– အလယ်တန်းအဆင့်	၄၂.၅၃%	၁၄.၉၁%	(–)၂၇.၆၂%
အဆင့်မြှင့်ပညာမြှင့်တင်မှု			
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၂	၂
– ပညာရေးကောလိပ်	၁	၁	–
– e-Learning Centre	မရှိ	၂၁	၂၁
– သင်ကြားရေးအစီအစဉ်များ	၈	၄၈	၄၀
– ဆရာ၊ဆရာမဦးရေ	၄၆	၃၅၆	၃၁၀
– ကျောင်းသားဦးရေ	၃၉၇	၁၂၀၃၅	၁၁၆၃၈
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	မရှိ	၂	၂

သိပ္ပံနှင့်နည်းပညာကဏ္ဍ

ယခင်က အင်ဂျင်နီယာပညာသင်ယူလိုလျှင် ရန်ကုန်ကိုလာရသည်။ ကွန်ပျူတာပညာရှင်ဖြစ်လိုလျှင် ရန်ကုန်ကိုသွားရသည်။ ထိုစဉ်က ဖွင့်ထားသော တက္ကသိုလ်နှင့် သိပ္ပံများ၌လည်း ကျောင်းသားအရေအတွက် ကန့်သတ်ချက် ရှိခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ရည်မှန်းချက်နှင့်ဝေးရသူများ ရှိခဲ့သည်။ မျက်မှောက်ခေတ်၌ လိုအပ်သောနေရာဒေသတိုင်း၌ ပညာရေးတံခါးများ ဖွင့်ထားပေးသည်။ တနင်္သာရီတိုင်းမှ တိုင်းရင်းသားမျိုးဆက်သစ်လူငယ်မောင်မယ်များ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရေးနှင့်မဝေးရအောင် နိုင်ငံတော်က အောက်ပါအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အစိုးရနည်းပညာကောလိပ်(ထားဝယ်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
အစိုးရနည်းပညာကောလိပ်(မြိတ်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၉၀	၉၀
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၅၃၀	၅၃၀
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၄၃၁	၄၃၁
အစိုးရကွန်ပျူတာကောလိပ်(ထားဝယ်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
အစိုးရကွန်ပျူတာကောလိပ်(မြိတ်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၃၄	၃၄
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၂၁၈	၂၁၈
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၄၆၇	၄၆၇

ကျန်းမာရေး

မျက်မှောက်ခေတ်၌ အထူးဦးစားပေး ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍမှာ ကျန်းမာရေးကဏ္ဍဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်ရန်အတွက် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးနေသည်။ အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

တနင်္သာရီတိုင်းမှ တိုင်းရင်းသားမိသားစုများအတွက် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတစ်ရုံ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံကို ခုတင်(၂၀၀)ဆံ့အဖြစ် မြှင့်တင်ပေးခဲ့သည်။ ခုတင်(၅၀)ဆံ့ ဆေးရုံသုံးရုံအသစ်ဖြစ်ထွန်းလာခဲ့သည်။ တိုက်နယ်အဆင့်ဆေးရုံ ကိုးရုံကို ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနနှစ်ခု တိုးတက်ခဲ့သည်။

အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန် ၁၂၀ ဦး ပိုမိုခန့်ထားပေးခဲ့သည်။ ယခင်က ကျန်းမာရေးဝန်ထမ်း ၅၀၃ ဦးသာ ရှိခဲ့ရာမှ ယခု ၉၅၂ ဦးအထိ ရှိနေသည်။ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် တိုင်းရင်းဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးထားသည်။ တိုင်းရင်းဆေးပေးခန်း ရှစ်ခန်းအထိ ရှိလာသည်။ သူနာပြုအင်အား ဒေသအတွင်းမှာပင် တိုးပွားလာရေးအတွက် ယခင်သားဖွားဆရာမသင်တန်းကျောင်းအပြင်သူနာပြု သင်တန်းကျောင်း တစ်ကျောင်း ထပ်ဆောင်းဖွင့်လှစ်ပေးထားသည်။

စီးပွားရေးနှင့်ဒွန်တွဲလျက် လူမှုရေးပါ ဖွံ့ဖြိုးတိုးတက်အောင် တနင်္သာရီတိုင်း၌လည်း ဖော်ဆောင်ပေးလျက်ရှိသည်ကို အောက်ပါကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများက ညွှန်ပြနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၂၂	၂၉	၇
ကျန်းမာရေးဌာနများ	၈၆	၈၈	၂
ကျန်းမာရေးဝန်ထမ်းများ	၅၀၃	၉၅၂	၄၄၉
– ဆရာဝန်	၇၅	၁၉၆	၁၂၁
– သူနာပြု	၈၃	၃၁၆	၂၃၃
– သားဖွားဆရာမ	၂၃၉	၂၆၆	၂၇
– ကျွမ်းကျင်ဝန်ထမ်း	၉	၂၃	၁၄
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၄	၄
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၁၀	၁၀
– လက်ထောက်ကျန်းမာရေးမှူး	၃၂	၃၇	၅
– ကြီးကြပ်(၁)/(၂)	၂၄	၅၅	၃၁
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	မရှိ	၁	၁
– တိုင်းရင်းဆေးပေးခန်း	၄	၈	၄
– သူနာပြုသင်တန်းကျောင်း	မရှိ	၁	၁
– သားဖွားသင်တန်းကျောင်း	၁	၁	–

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

တနင်္သာရီတိုင်း၌ စီးပွားရေးနှင့် လူမှုရေးအခြေခံကောင်းများ ဖြစ်ထွန်းနေသည်နှင့် တစ်ပြေးညီ မြို့ရွာစည်ပင် ဖွံ့ဖြိုးမှုကလည်း ရေမြင့်ကြာတင့်ဆိုသလို လိုက်ပါမြင့်တက်နေသည်။ လူနေမှုအဆင့်အတန်း အဆင့်တစ်ဆင့်တက်လှမ်းနေသော တနင်္သာရီတိုင်း၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုအနေအထားကို အောက်ပါဇယားက ဖော်ပြလျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြို့ပြဖွံ့ဖြိုးမှု			
– မြို့ပြလမ်းမိုင်	၁၁၀/၃	၂၅၈/၇	၁၄၈/၄
– ကတ္တရာလမ်းမိုင်	၃၄/၀	၁၆၀/၇	၁၂၆/၇
– ကျောက်လမ်းမိုင်	၂၂/၁	၄၆/၄	၂၄/၃
– မြို့ပြတံတားများ	–	၇၁၂	၇၁၂
မြို့ရေပေးရေးလုပ်ငန်း			
– ဆောင်ရွက်ရမည့်မြို့	၁၀	၃	၇
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၇	၇
ကျေးလက်ဖွံ့ဖြိုးမှု			
– ကျေးလက်လမ်းမိုင်	၁၀၄/၅	၇၂၀/၁	၆၁၅/၄
– ကတ္တရာလမ်းမိုင်	၂၂/၀	၃၅၅/၀	၃၃၃/၀
– ကျောက်လမ်းမိုင်	မရှိ	၁၈၁/၂	၁၈၁/၂
– ကျေးလက်တံတားများ	–	၂၂၈	၂၂၈
– ကျေးလက်ရေရရှိရေး			
– ဆောင်ရွက်ရမည့်ကျေးရွာ	၆၇၂	၄၂၂	၂၅၀
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၂၉၈	၂၉၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှု ကွင်းဆက်မပြတ်ရေးသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့်လည်း ဆက်စပ်နေသည်။ မျက်မှောက်ခေတ်၌ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံမှုသည် ခေါင်လည်းခေါင်လှ၊ ချောင်လည်းချောင်ကျသော နေရာဒေသအပေါ်မတည်၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသအေးချမ်းသာယာရေးအပေါ် တည်မှီလျက်ရှိသည်။

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအားလုံးကို ပြစ်မျိုးမှည့်မတင် လှပစေချင်သည်။ ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းဟူသော ဆိုစကားနှင့်အညီ ငြိမ်းလည်းငြိမ်းချမ်း စိမ်းလည်းစိမ်းလန်းသည့် ပြည်ထောင်စု ရိပ်မြုံကြီး၊ ဖွံ့လည်းဖွံ့ဖြိုး တိုးလည်းတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် အမွေခံပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနေခြင်းဖြစ်သည်။

တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အားနှင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအင်အားနှစ်ရပ် ခိုင်မာစွာတည်ရှိနေသမျှ ကာလပတ်လုံး ပြည်ထောင်စုကြီး၏ နေရာဒေသအားလုံး၌ အဖိုးတန်အမျိုးမှန်သည့် မိုးပျံတံတားအစင်းစင်းကို တပ်မတော်အစိုးရက တစ်စင်းပြီးတစ်စင်း ခင်းပြီးရင်း ခင်းပေးသွားနိုင်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို သာဓကပြဆို၍ တင်ပြအပ်ပေသည်။

ဤသို့ဖြင့် တနင်္သာရီတိုင်း၌လည်း တပ်မတော်အစိုးရ၏ စေတနာပန်းများ ပွင့်လန်းရာမြေ သွေးချင်းတို့ဌာနေအဖြစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင် ဒေသတစ်ခု ဖြစ်ထွန်းလာခဲ့သည်။ သားရွှေအိုးထမ်းပြန်လာသော တနင်္သာရီဒေသမှ တိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်၏ဖြည့်ဆည်း ဆောင်ရွက်ချက်များကို အောက်ပါဇယားတွင် အထင်အရှားတွေ့ရှိနိုင်သည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဖွံ့ဖြိုးရေးဒေသ			
– တနင်္သာရီဒေသ	မရှိ	၁	၁
လမ်းတံတား			
– မြေလမ်းမိုင်	မရှိ	၂၅၁/၂	၂၅၁/၂
– ကျောက်လမ်းမိုင်	မရှိ	၁၀၅/၂	၁၀၅/၂
– ကတ္တရာလမ်းမိုင်	မရှိ	၃၈/၅	၃၈/၅
– လမ်းပြုပြင်ထိန်းသိမ်းမှုမိုင်	မရှိ	၁၄/၄	၁၄/၄
– တံတား(ကြီး/ငယ်)	မရှိ	၈/၇	၈/၇
ကျန်းမာရေး			
– ဆေးပေးခန်း	မရှိ	၁	၁
– ကျေးလက်ကျန်းမာရေးဌာန	မရှိ	၃	၃
ပညာရေး			
– (ထက်/လယ်/မူ)ကျောင်း	မရှိ	၁၅	၁၅
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၁	၅၁
– ကျောင်းသားဦးရေ	မရှိ	၂၀၅၅	၂၀၅၅
စိုက်ပျိုးရေးစခန်း	မရှိ	၁	၁
စွမ်းအင်			
– လျှပ်စစ်မီးစက်	မရှိ	၂	၂
– မီးလင်းသည့်မြို့/ရွာ	မရှိ	၁	၁
ပြည်သူ့ဆက်ဆံရေး			
– ရုပ်/သံလွှင့်စက်ရုံ	မရှိ	၇	၇
အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း	မရှိ	၂	၂
– ဆရာ၊ဆရာမဦးရေ	မရှိ	၁၆	၁၆
– ကျောင်းသားဦးရေ	မရှိ	၂၈၆၉	၂၈၆၉
အကုန်အကျခံသုံးစွဲမှု*	**မရှိ**	**၂၉၅၆.၀၉**	**၂၉၅၆.၀၉**
– ဖွံ့ဖြိုးရေးရန်ပုံငွေ*	မရှိ	၅၇၇.၈၀	၅၇၇.၈၀
– ဝန်ကြီးဌာနများ*	မရှိ	၂၃၇၈.၂၉	၂၃၇၈.၂၉

* ကျပ်(သန်း)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

"လက်တွေ့မပါသော စေတနာမဟုတ်ဘဲ နှလုံးသားထဲက စေတနာ၊ လက်တွေ့ပါသော စေတနာဖြင့် လုပ်ငန်းများကို ကြိုးကြိုးစားစား ဆောင်ရွက်ပါက ပြည်သူများ၏ နှလုံးသားထဲမှ ပေါ်ထွက်လာသည့် မေတ္တာများ တုံ့ပြန်ရရှိမည် ဖြစ်သည်"ဟူသော နိုင်ငံတော်အကြီးအကဲ၏ သြဝါဒနှင့်အညီ ပြန်ကြားရေးကဏ္ဍဖြင့်လည်း ပန်းသတင်းလေညှင်းဆောင် ပေးလျက်ရှိသည်။ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ သူတစ်ထမ်းကိုယ်တစ်ရွက် ချီတက်ကြရာတွင် တနင်္သာရီတိုင်း၏ ပြန်ကြားရေးကဏ္ဍကိုလည်း အောက်ပါအတိုင်း တိုးမြှင့်ထမ်းဆောင်နေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	မရှိ	၁၁	၁၁
– ပြန်/ဆက်ရုံးများ	မရှိ	၁၆	၁၆
– ပြန်/ဆက်စာကြည့်တိုက်များ	၂	၁၆	၁၄
– ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၁	၁
– ကျေးလက်စာကြည့်တိုက်	မရှိ	၂၉၅	၂၉၅
– e-Library များ	မရှိ	၂	၂

တပ်မတော်သည် ကတိသစ္စာ တည်ကြည်စွာဖြင့် ပြည်ထောင်စုအကျိုးကို ထာဝစဉ်ရှေးရှု သယ်ပိုးသည်။ ရိုးသားဖြောင့်မတ်စွာဖြင့် နိုင်ငံတော်၏ အနာဂတ်အရေးကို မျှော်တွေးရှုမြင်သည်။ ဖော်ရွေခြင်း၊ ရက်ရောခြင်းဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး ပံ့အောပြီး အလုပ်အကျွေးပြုသည်။ စိတ်ရင်းစေတနာမှန်ဖြင့် သံသယပျောက်ပြီး အမှန်ဘဝရောက်အောင် လက်တွဲခေါ်ဆောင်လျက်ရှိသည်။

တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ကော့သောင်း လေဆိပ်အဆောက်အအုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရ၏ ပကတိရည်မှန်းချက်သည် ဒီမိုကရေစီနိုင်ငံထူထောင်ရေးဖြစ်

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ရေး ကျရာကဏ္ဍက အင်တိုက်အားတိုက်ပါဝင်

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား မြိတ်ခရိုင် မြိတ်မြို့နယ် ကျွဲကူးစံပြကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီတွင် တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့နယ် ကျွဲကူးစံပြကျေးရွာ၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားသို့ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးနှင့် အလုပ်အမှုဆောင်များ၊ မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြိတ်ခရိုင်အတွင်းရှိ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ကျွန်းစုမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အားစုစုပေါင်း ၂၇၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာကျော်ဆန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြိတ်ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းစိုး၊ မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာစန်းစန်း၊ မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနွဲ့၊ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖ ဦးလှဝင်းတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြိတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမင်းနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နီလာမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိအဖြစ် မြိတ်ခရိုင်အသင်း အတွင်းရေးမှူး ဒေါက်တာကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ဖေဖော်ဝါရီလ ၁၂ရက်တွင် ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံအား ဂုဏ်ပြုကြိုဆိုထောက်ခံသည့် အခမ်းအနားဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ကြောင်း။

ထင်ရှားစွာသက်သေထူ

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံအုတ်မြစ်ခိုင်ခဲ့ခြင်းကြောင့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဆိုပြီး ကြီးမားကျယ်ပြန့်သော အင်အားကြီးနိုင်ငံတော်များအဖြစ်နှင့် ပေါ်ထွန်းခဲ့သည်ကို သမိုင်းဖြစ်ရပ်များက ထင်ရှားစွာ သက်သေထူလျက်ရှိကြောင်း။

နယ်ချဲ့တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ခုနှစ်နှင့် ၁၈၈၅ခုနှစ်တို့တွင် လက်နက်အားကိုးဖြင့် သုံးကြိမ်တိုင်တိုင်ကျူးကျော်တိုက်ခိုက်ပြီး နှစ်ရှည်ကြာစွာ အုပ်ချုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ အုပ်ချုပ်နိုင်ရန်အတွက် နယ်ချဲ့အစိုးရက ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း သံသယပွားအောင်၊ မုန်းတီးအောင် အစီအစဉ်ရှိရှိ သပ်လျှိုသွေးခွဲ အုပ်ချုပ်ခဲ့ကြောင်း။

မိမိတို့ပြည်ထောင်စုဖွား ညီအစ်ကို မောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ဖြင့် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် တိုက်ပွဲဝင် ကြိုးပမ်းခဲ့ရာ အချုပ်အခြာ အာဏာပိုင်သည့် လွတ်လပ်ရေးကိုပြန်လည်ရရှိခဲ့ကြောင်း။

နေ့ထူးနေ့မြတ်ကြီး

နယ်ချဲ့တွန်းလှန်သည့်စစ်ပွဲ အကြိမ်ကြိမ်ဆင်နွှဲပြီး ပင်လုံဒေသ၌ တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ရေးစာချုပ်ကိုချုပ်ဆို၍ နယ်ချဲ့ကို စည်းလုံးမှုအင်အားပြနိုင်ခဲ့ကြောင်း၊ ယခုလာမည့် ဖေဖော်ဝါရီလ ၁၂ရက်မှာဆိုလျှင် ၅၈နှစ် တင်းတင်းပြည့်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ထာဝရဖော်ညွှန်းနေသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်၍ ဂုဏ်ပြုကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဖြာဖြာတို့ သိသာလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံကျသည့် ဦးတည်ချက်များချမှတ်၍ အင်အားစုသုံးရပ် ဖြစ်သော ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံတော်အစိုးရ လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် ကဏ္ဍအသီးသီး၊ နယ်ပယ်အရပ်ရပ်၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များပေါ်ထွက်လာပြီဖြစ်ကြောင်း၊ အဆိုပါ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် မှန်မြတ်မြင့်မားသော အမျိုးသားရေးမူဝါဒများ၊ အမျိုးသားရေးဦးတည်ချက်များကို ထက်ကြပ်မကွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် မိမိတို့တိုင်းရင်းသား လူမျိုးအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခွင့်အလမ်းများကို အစဉ်တစိုက်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးကြောင်း၊ အဆိုပါ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနေပြီဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

ယင်းကဲ့သို့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးနေခြင်းသည် နောင်အနာဂတ်တွင် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာအောင် ကျင်းပပေးခြင်းလည်းဖြစ်ကြောင်း၊ ယခု မကြာသောကာလတွင်လည်း အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပတော့မည်ဖြစ်၍ ကြိုဆိုထောက်ခံကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခု အစည်းအဝေးကြီးသည် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ပြီး၊ ဆောင်ရွက်ရန်လျာထားမှုများကို ကြိုဆိုကြောင်း ဆုံးဖြတ်ချက်ချနိုင်ရေးအတွက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးကြပါရန် လေးလေးနက်နက် တိုက်တွန်းပါကြောင်း ပြောကြားသွားသည်။

ပြည်ထောင်စုစိတ်ဓာတ်

ဆက်လက်၍ ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မြိတ်ခရိုင် ပုလောမြို့နယ်အသင်း အတွင်းရေးမှူးဦးအောင်မြင့်က ဆွေးနွေးတင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတ စိတ်ဓာတ်ဆိုသည့် ရေသောက်မြစ်များဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးခဲ့ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရန်အတွက် အခြေခံအကျဆုံးတည်ဆောက်ထားရန် လိုအပ်သည့် စိတ်ဓာတ်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ပူးပေါင်းပါဝင်ခဲ့သည်မှာ သမိုင်းဖြစ်ရပ်များက ထင်ရှားစွာ သက်သေထူလျက်ရှိကြောင်း။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်အုပ်ချုပ်ခဲ့ကြောင်း၊ ပြည်မနှင့်တောင်တန်းဒေသခွဲခြားပြီး အုပ်ချုပ်ရန် သွေးခွဲသပ်လျှိုခဲ့ကြကြောင်း၊ နယ်ချဲ့ဗြိတိသျှတို့ နည်းအမျိုးမျိုးသုံးပြီး သွေးခွဲနေသည့်ကြားမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းသည့် ပင်လုံစာချုပ်ကို ပင်လုံညီလာခံကြီးအပြီးတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် လွတ်လပ်သည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးပေးသည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ကြောင်း။

တစည်းတလုံးတည်း

နယ်ချဲ့ဗြိတိသျှတို့ အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံသုံးကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုနှောင့်ယှက်ခဲ့သော်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ ဥမကွဲ၊ သိုက်မပျက် နေထိုင်ကြ၊ တစည်းတလုံးတည်း၊ တညီတညွတ်တည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြိုးပမ်းမှုကြောင့် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းပြည်ပ အဖျက်သမားအဖွဲ့ ရာယ်များကို နိုးကြားသည့် အသိတရားနှင့်အတူ ထိထိရောက်ရောက် တွန်းလှန်ဖယ်ရှားလျက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ခံယူချက်ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ခဲ့ကြောင်း။

ဦးထိပ်ပန်ဆင်

တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးသည် ပဓာနကျပြီး နိုင်ငံသားတိုင်း ဦးထိပ်ပန်ဆင်ကြရမှာဖြစ်ကြောင်း။

ယနေ့ ညီအစ်ကိုတိုင်းရင်းသားအားလုံး၏ လိုလားတောင့်တမှုသည် ပြည်ထောင်စုကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်လာစေရန် တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိကြရမှာဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်မွေးပေးသည့် ပြည်ထောင်စုနေ့ကို အလေးအနက် ဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းရှိန်က ဆွေးနွေးရာတွင် ယနေ့အချိန်ကာလသည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ် ဖြစ်ထွန်းနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပြီးစီးရန် လိုအပ်ကြောင်း။

အမျိုးသားညီလာခံ

အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၁၉၉၆ခုနှစ် မတ်လတွင် ညီလာခံကြီးကို ယာယီအားဖြင့် ခေတ္တရပ်ဆိုင်းခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ နိုင်ငံတော်ကို တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏

စာမျက်နှာ ၁၃ ကော်လံ ၁

မိတ္ထီလာ တပ်မတော်ကလေးများကျောင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

နှစ်စဉ် ကျင်းပမြဲဖြစ်သော မိတ္ထီလာ တပ်မတော်ကလေးများကျောင်း(ယခု အထက-၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန (I.B.C)တွင် ဖေဖော်ဝါရီ ၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ရောက် ကျောင်းသားကျောင်းသူဟောင်းများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် မြတ်ဆရာ ပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီးကျော်ညွှန့် ဖုန်း-၀၉၈၀-၃၁၀၁၄၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း-၂၁၂၉၃၃၊ ဦးသန်းထိုက် ဖုန်း-၂၁၁၃၀၉၊၀၉၅၁၀-၀၉၅၈ နှင့် ဦးဇော်နေဝင်း ဖုန်း-၂၁၂၁၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်တွင် မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏အကျိုးစီးပွားကို အစဉ်တစိုက်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဖွဲ့စည်းပုံဥပဒေဖြစ်ရမည်

စာမျက်နှာ ၆ မှ

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်များ အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ထာဝရ ဦးထိပ်ပန်ဆင်ပြီး ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော်ကြရန် တိုက်တွန်းပြောကြားရင်း ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်သန်းရွှေစင်ထိုက်က တင်ပြရာတွင် အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်ကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်ပုံဖော်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့်အခြေခံမှုများကို ဆွေးနွေးအဖြေရှာဖော်ထုတ်သော ညီလာခံဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံအတွက် အသက်ဝိညာဉ်တမျှ အရေးကြီးပါကြောင်း၊ ထိုအချက်နှင့်ပတ်သက်ပြီး အသင်းနာယကကြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နိုင်ငံတော်မှာ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသား အားလုံးရဲ့ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဖွဲ့စည်းပုံဥပဒေဖြစ်ရမယ်”** ဟု လမ်းညွှန် မိန့်ကြားခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အတွက် အရေးပါသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကို ဦးတည်ချက်ခြောက်ရပ်ဖြင့် ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံသို့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့ စုံညီစွာတက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး ၁၉၉၆ ခုနှစ်တွင် ယာယီဆိုင်းငံ့ခဲ့သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့ကြောင်း။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အခန်းအလိုက် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ အောင်မြင်စွာ ညှိနှိုင်းခဲ့ကြောင်း၊ ယခု ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံတွင်ကျန်ရှိသည့်အပိုင်းများကို ဆက်လက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြမှာဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

အမျိုးသားညီလာခံသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် အရေးကြီးလှသည့် ညီလာခံကြီးဖြစ်သည့်အတွက် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးအား ပြည်သူတစ်ရပ်လုံးနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံလိုက်ပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သင်းသင်းမွန်က တင်ပြရာတွင် ယနေ့ အကောင်အထည်ဖော်နေသည့်ကာလကို တတိယငါးနှစ်စီမံကိန်း၏ ဦးတည်ချက်များထဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ကဏ္ဍတစ်ခုအနေဖြင့်ပါဝင်နေကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွက် အလေးအနက်အကောင်အထည်ဖော်ရမည့် စီမံကိန်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသကို ချန်လှပ်ထား၍ မရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ကျေးလက်ဒေသအားလုံးကို ဖွံ့ဖြိုးလာပြီး ကျေးလက်နှင့် မြို့ပြကွာဟမှု လျော့နည်းသည်ထက် လျော့နည်းအောင် စီမံကိန်းအသီးသီးချမှတ်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုကြောင့် တိုးတက်မှုများ ဖြစ်ထွန်းလာသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ တွေ့မြင်နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာထဲမှ မော်လမြိုင်ခရိုင် အတွင်း၌ ၂၀၀၃-၂၀၀၄ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့် အချက်အလက်အချို့ကို တင်ပြလိုကြောင်း။

တက်တက်ကြွကြွဦးဆောင်

ကျေးလက်ဒေသ၏ ပညာရေးကဏ္ဍတွင် အထက၊ အလက၊ အမက ကျောင်းများ ပြုပြင်ခြင်း၊ သွပ်မိုးခြင်းလုပ်ငန်းများ၊ မူလတန်းလွန်ကျောင်းများ ဆောက်လုပ်ရန်အလှူငွေထည့်ဝင်ခြင်းများ၊ ချို့တဲ့ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ သင်ကြားမှု သင်ယူမှုအထောက်အကူပြု ခန်းမများအတွက် လှူဒါန်းခြင်း အစရှိသောကဏ္ဍများအတွက် ငွေကျပ်သိန်း၁၀၀ကျော်၊ သွပ် ၇၂၅ချပ်၊ ဘိလပ်မြေအိတ်၅၅၀ ပံ့ပိုးကူညီဆောင်ရွက်နိုင်ခဲ့ပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးလုပ်ငန်း၊ စာမတတ်သူပပျောက်ရေးလုပ်ငန်းများတွင် အသင်းကြီးက တက်တက်ကြွကြွ ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ကျန်းမာရေး ကဏ္ဍတွင်လည်း ငွေကျပ်၅၅သိန်းခန့် ကျခံသုံးစွဲနိုင်ခဲ့သည့်အပြင် သွေးလွန်တုပ်ကွေးကာကွယ်ရေး ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ၊ ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်း၊ သွေးလှူဒါန်းခြင်းအစရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသ ရေရရှိရေးအတွက် ကျေးရွာသောက်သုံးရေကန် ပြန်လည် တူးဖော်ခြင်း၊ ရေတံခါး တည်ဆောက်ခြင်း၊ စက်ရေတွင်း တူးဖော်ခြင်း၊ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျေးလက်လူနေမှုအဆင့်အတန်း မြင့်မားလာပြီး စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရေးမြို့နယ် မာန်အောင်ကျေးရွာတွင် ရေအားလျှပ်စစ်လုပ်ငန်းကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းအားရှိသမျှကြိုးပမ်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်သကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်လည်း စွမ်းအားရှိသမျှကြိုးပမ်းဆောင်ရွက်ကြမှာဖြစ်ကြောင်းဖြင့်တင်ပြသည်။

ထို့နောက် မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အလုပ်အမှုဆောင် ဦးမင်းလွန်းအောင်က အခမ်းအနားတွင် ကိုယ်စားလှယ် သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အလှူငွေများပေးအပ်ရာ ကမာအုပ်ကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၁၅ သိန်းကို မော်လမြိုင်ခရိုင်အသင်း အလုပ်အမှုဆောင် ဦးသက်ထွေးက ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးမော်မြင့်က လက်ခံရယူပြီး ဝဲကလိ ကျေးရွာ မူလတန်းကျောင်း ပြုပြင်ရန်ငွေကျပ် ငါးသိန်းနှင့် ဘလောက်ညောင်ဝိုင်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ငွေကျပ်ငါးသိန်းတို့ကို ခရိုင်အသင်းအလုပ်အမှုဆောင် ဒေါက်တာအောင်ကျော်ထွန်းက ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌများဖြစ်ကြသည့် ဦးရွှေတင်နှင့် ဦးသောင်းငြိမ်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကို ရယူရာ သဘောတူညီကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို အလေးအနက် ဂုဏ်ပြုကြောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံကြောင်းတို့ကို အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၈ နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

ပကတိရည်မှန်းချက်သည် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးပင်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ၁၉၉၆ခုနှစ်တွင် ယာယီအားဖြင့်ဆိုင်းငံ့လျက်ရှိသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ အမျိုးသားညီလာခံကြီးကိုကျင်းပခဲ့ပြီး လာမည့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း။

အင်တိုက်အားတိုက်ပါဝင်

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီး ချောမွေ့အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များအားလုံးက ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ မြိတ်ခရိုင် တနင်္သာရီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထင်ပေါ်က ဆွေးနွေးတင်ပြရာတွင် မိမိတို့အသင်းကြီးဟာ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ တတိယကာလတိုင်ငါးနှစ်စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်လျက်ရှိကြောင်း။

မြိတ်ခရိုင်အတွင်းဆိုလျှင် ပလောက်တံတား၊ ပုလောတံတား၊ ကျွဲကူးကျောက်ဖျာတံတား၊ ပသောင်းတံတား၊ တနင်္သာရီမြစ်ကူးတံတားများ ကို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးခဲ့တာ အားလုံးမြင်တွေ့ကြရမှာ ဖြစ်ကြောင်း၊ ဆက်လက်ပြီး တိုးချဲ့တည်ဆောက်နေတာကိုလည်း လက်တွေ့ကျကျ တွေ့မြင်နိုင်ကြောင်း၊ မြိတ်ခရိုင် မြိတ်မြို့နယ် အတွင်း ရှမ်းချောင်း-ရွာသစ်-ရွှေဒူးလမ်း ဂဝံမြေနီခင်းခြင်း၊ အရှည် ၁၄၀၂၅ပေအတွက် ငွေကျပ် ၁၄၄ သိန်း ငါးသောင်းတစ်ထောင်၊ ရှမ်းချောင်း-ရွှေဒူးမြေနီလမ်းပေါ်တွင် ကျောက်ချောခင်းခြင်း ပေ၄၆၅၀ အတွက် ငွေကျပ် ၆၉ သိန်း ခြောက်သောင်း၊ ကလွင်-တောင်ပြို ကျေးရွာမြေသားလမ်းပေ ၅၂၀၀ ဖော်ထုတ်ခြင်းအတွက် ငွေကျပ် ၁၅ သိန်း၊ သစ်သားတံတားတည်ဆောက်ခြင်းအတွက်ငွေကျပ် ၃၁သိန်း လေးသောင်းတို့ကို စည်ပင်သာယာရေး အဖွဲ့မှ အဓိကထားဆောင်ရွက်ရာတွင် မိမိတို့အသင်းမှ အသင်းဝင်ပြည်သူလူထုများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း။

ကျွန်းစုမြို့နယ်အတွင်း ရေမြစ်ကြီး-ဒါးချောင်းရွာ ရွာသွားလမ်းပေါ်ရှိ သစ်သားတံတားနှစ်စင်းတည်ဆောက်ရာတွင် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅ သိန်းဖြင့် တည်ဆောက်ခြင်း၊ လင်းနို့ချောင်းကျေးရွာမှ ကဘင်းချောင်းကျေးရွာအထိ မြေလမ်း တစ်မိုင်၊ နှစ်ဖာလုံအတွက် ခွင့်ပြုငွေ ၁၁ ဒသမ ၂၅ သိန်းဖြင့်လည်းကောင်း၊ ကျွန်းပတ်လမ်း တစ်မိုင် နှစ်ဖာလုံ ကျောက်ခင်းခြင်းအတွက် ၃၁ ဒသမ ၅ သိန်းဖြင့်လည်းကောင်း၊ ပုလောမြို့နယ်အတွင်း ဆင်ထိုးကြီးရွာနှင့် တောင်ပုလဲရွာလမ်း ကျောက်ချောခင်းခြင်းအတွက် နိုင်ငံတော်မှထည့်ဝင်ငွေငါးသိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၇၉၆၀၁၅၀၊ ပလောက်မြို့ ပလောက်ကျောက်တောင်လမ်း လေးမိုင်ခွဲ ကျောက်ခင်းခြင်းအတွက် ခွင့်ပြုငွေကျပ်သိန်း ၃၀၊ ပလောက်- ပြည်ခြား-အောင်သာဝရလမ်း မြေသားလမ်းအတွက် ငွေကျပ် ၃၈ သိန်း၊ တနင်္သာရီမြို့နယ်အတွင်း တနင်္သာရီ-သဲဖြူ-မောတောင်လမ်းအတွက် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၄၃၇ ဒသမ ၈ သိန်း၊ ချောင်ချိ ၂၃ မိုင်တိုင်လမ်း မြေသားလမ်းအတွက် ငွေကျပ် ၇၈ သိန်းဖြင့် ကျေးလက်နှင့်နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများဆောင်ရွက်ရာတွင် အသင်းဝင်များနှင့် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း။

ဒါ့အပြင် ပုလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ထမင်းမစားရွာမှ လယ်ဖက်သို့သွားလမ်း နှစ်မိုင်လမ်းဖောက်လုပ်ခြင်း၊ ထမင်းမစား-ပိန္နဲကုန်းလမ်း လေးဖာလုံကို ကျောက်ကြမ်းခင်းခြင်း၊ တောင်ယာကမ်းကျေးရွာမှ ရှမ်းဒွတ်ကျေးရွာသွားလမ်း သုံးမိုင်ကို ပြုပြင်ဖောက်လုပ်ခြင်းများကို အသင်းဝင်အင်အားနှင့် မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့အပြင် တနင်္သာရီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပေ ၁၅၀ ခန့်ရှိ ယိုယွင်းပျက်စီးနေသော ဘန်ကြုပ်တံတားပြုပြင်ခြင်းအတွက် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ သစ်နှင့်သံမှုလီများ ပံ့ပိုးပေးနိုင်ခဲ့ပြီး အသင်းဝင်များ၏ လုပ်အားဖြင့်ပြုပြင်ပေးနိုင်ခဲ့ကြောင်း။

ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးကဏ္ဍ ဆောင်ရွက်မှုလုပ်ငန်းများမှာ ကျွန်းစုမြို့နယ်အတွက် ငွေကျပ် ၂၅ သိန်း၊ တနင်္သာရီမြို့နယ် ကတော့ကမ်းကျေးရွာ၊ ကွင်းရှင်ချောင်း ရေထိန်းရေမြင့်တည်ဆောက်ခြင်းအတွက် နိုင်ငံတော် ခွင့်ပြုငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ ပလောက်မြို့နယ် ပရဟိတဂေဟာရေစင် ဆောက်လုပ်ခြင်းအတွက် ငွေကျပ်ငါးသိန်းအကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း။

ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အသင်းကြီးအနေဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ ဆင်းရဲချို့တဲ့ကလေးများ ပညာသင်စရိတ် ထောက်ပံ့ပေးခြင်း၊ ဥပဓိရုပ်မကောင်းသောကျောင်းများ ပြုပြင်ရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ်ငါးသိန်းစီ ထောက်ပံ့ပေးခြင်း၊ တနင်္သာရီမြို့နယ် အထကကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပေးခြင်း၊ မြိတ်မြို့နယ်အတွင်း ရှမ်းတောင်ကျေးရွာ အမကဆောက်လုပ်ရန် နိုင်ငံတော်မှ ထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ တုံးဗျောကြီး ကျေးရွာ အမကအတွက် ငွေကျပ် ငါးသိန်း၊ မဇော်ပြင်ကြီး အလက အတွက် ငွေကျပ်ရှစ်သိန်း၊ ပုလောမြို့နယ်တွင်း နန်းတောင်အမကဆောက်လုပ်ရန်အတွက် နိုင်ငံတော်မှ ငွေကျပ် ၁၀ သိန်း၊ တနင်္သာရီမြို့နယ်အတွင်း ချောင်းလမုအမက ဆောက်လုပ်ခြင်းအတွက် နိုင်ငံတော်မှ ငွေကျပ် ၁၅ သိန်း၊ ချောင်ချိကျေးရွာ အမကအတွက် ငွေကျပ်သိန်း ၂၀၊ ကမ္ဘလိုင်း(သဲဖြူ)ကျေးရွာအမကအတွက် ငွေကျပ် ၁၅ သိန်း၊ ရှမ်းအင်းတော်အမကအတွက် ငွေကျပ် ၁၅ သိန်း၊ မောတောင်အမက အတွက် ငွေကျပ် ၃ဒသမ၇ သိန်း၊ ဘ၀သစ်စီမံကိန်းအမကအတွက် ငွေကျပ် ငါးသိန်းတို့ဖြင့် နိုင်ငံတော်မှဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများအတွင်း ပူးပေါင်း ပါဝင်ခဲ့ကြကြောင်း။

ထို့အပြင် ပုလောမြို့နယ်အသင်းအနေဖြင့် ပြည်ခြားကျေးရွာ အမကသောက်သုံးရေရရှိရေးဆောင်ရွက်ပေးခြင်း၊ မင်းထိန်ကျေးရွာ အိမ်ခြေ ၄၀ သောက်ရေသုံးရေရရှိရေးအတွက် အသင်းမှထည့်ဝင်ငွေကျပ် ၃၅၀၀၀ နှင့် မိဘပြည်သူလုပ်အားတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တနင်္သာရီမြို့နယ်အသင်းအနေဖြင့် တနင်္သာရီအထကသို့ ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ ဗွီစီဒီစက်တစ်လုံး လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များအားလုံးတွင် ကျေးလက်နေပြည်သူများ ပဉ္စမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု စီမံချက်သင်တန်းများဖွင့်လှစ်ပေးပြီး ဆေးနှင့်ဆေးပစ္စည်းများကို မိမိတို့အသင်းကြီးက ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့အပြင် ကျောင်းကျန်းမာရေးလုပ်ငန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ အာဟာရသင်တန်း၊ အေအိုင်ဒီအက်စ်ပညာပေးဟောပြောခြင်း၊ လူငယ်လူရွယ် သိကောင်းစရာ ကျန်းမာရေးအသိပညာပေးသင်တန်းများသို့ အသင်းသားများ တက်ရောက်စေပြီး တစ်ဆင့်ပညာပေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ၎င်းသင်တန်းများ၏ ရလဒ်အနေဖြင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိပညာ ပို၍မြင့်မားစေခဲ့ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဦးဆောင်ပါဝင်ပြီး တစ်နိုင်ငံလုံးမှာ အသင်းဝင်များအနေဖြင့် စွမ်းစွမ်းတမံ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသွားသည်။ ယင်းနောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များကို မြိတ်ခရိုင် မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမိုးမြင့်က ထောက်ခံဆွေးနွေးတင်ပြသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ ဆန္ဒသဘောထားကိုရယူရာ တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ် ကျောင်းသားကျောင်းသူများက **‘ပြည်မြန်မာ’** နှင့် **‘ရာသက်ပန်ပြည်ထောင်စု’** တေးသီချင်းတို့ကို သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို နံနက် ၈နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ပင်လုံ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် လွိုင်လင်ခရိုင် ပင်လုံမြို့ မြို့နယ်အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းတင်ထွေးနှင့် ဦးစိုင်းသီဟ၊ လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ မိုင်းရှူးမြို့နယ်နှင့် ပင်လုံ၊ မိုင်းနောင်မြို့တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့်အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၂၀၀ တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်တွဲဖက် အတွင်းရေးမှူး ဦးရည်သန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မာမာဝေ၊ ပင်လုံမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိန်၊ ပင်လုံမြို့ စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးခင်အောင်၊ ပင်လုံမြို့မှ ရပ်မိရပ်ဖ ဦးစိုင်းလှကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းအေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပင်လုံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းနွယ်နွယ်ထွေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ဖြင့် အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်သဘာပတိ လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရည်သန့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ လွိုင်လင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမင်းအောင်က တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်သီက တင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လွိုင်လင်ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်ခင်ယုယုဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်သုံးဦးတို့၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပင်လုံပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းမြမြအုံးက ထောက်ခံဆွေးနွေးတင်ပြသည်။

အတည်ပြုဆုံးဖြတ်

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထောက်ခံတင်ပြခြင်းတို့ကို တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ သဘောထားကိုရယူရာ ပြည်သူလူထုကြီးက တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုအားလုံးက အလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအား ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းတို့ကို ဤအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက **'ရာသက်ပန် ပြည်ထောင်စု'** သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကာ အခမ်းအနားကို နံနက် ၁၀နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်း အခမ်းအနားကို စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ အားကစားကွင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားရိုးရာနှင့် ရုပ်ရှင်၊ ဂီတပဒေသာကပွဲ ပြည်ထောင်စုနေ့တင်ဆက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုပဒေသာကပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက် ည၇နာရီမှစ၍ ထူးခြားခမ်းနားစွာ တင်ဆက်မည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်ကြမည်

ပြည်ထောင်စုပဒေသာကပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တေးသရုပ်ဖော်၊ တေးဂီတ သီဆိုဖျော်ဖြေမှု အစီအစဉ်၊ ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ်တို့ပါဝင်မည်ဖြစ်ပြီး ဂီတမှူး အကယ်ဒမီဂီတလုလင်မောင်ကိုကို စီစဉ်တင်ဆက်သည့် တေးဂီတအစီအစဉ်တွင် အဆိုတော် စိုင်းထီးဆိုင်၊ အယ်လ်ခွန်းရီ၊ မီးမီးခဲ၊ ဖိုးဆိုချင်ခင်မောင်ညွန့်၊ မျိုးမြင့်လေး၊ ခနေဖြူစိုးသိန်း၊ ရန်ပိုင်စိုး၊တင်ဦးလေး၊ သန်းမြတ်စိုး၊ကေတုဝင်းထွဋ်၊မောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ တက္ကသိုလ်ကိုကိုဇော်၊ ထား၊ ရီရီသန့်၊ နှင်းရည်သန့်၊ စိမ်းလဲ့လဲ့၊ ခင်မျိုးအေး၊ သီတာမိုး၊ ခိမ်းခိမ်းတို့က တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ပါဝင်ကြမည်

ဂီတစာဆို၊ ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ အသွင်ထူးရွှင်မြူးစေမည့် **'မေ့လို့မရနိုင်ပါ'** ဟာသတစ်ခန်းရပ် ပြဇာတ်တွင် မင်းသားချောအကယ်ဒမီလွင်မိုး၊ အကယ်ဒမီမျိုးသန္တာထွန်း၊ မိုးဒီ၊ မော့စ်၊ ဇော၊ ဝင်းနိုင်(အနုပညာ)၊ ကုသိုလ်၊ ဖိုးဖြူ၊ ကင်းကောင်၊ ငှက်ပျောကြော်၊ စောနိုင်(ရှမ်းပြည်)၊ ခင်သန်းနွယ်၊ ကြူကြူသင်း၊ အေးအေးခိုင်၊ မတူး အစရှိသည့် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ ပါဝင်ကြမည်ဖြစ်သည်။

တေးသရုပ်ဖော်ကဏ္ဍတွင် ထူးခြားဆန်းသစ်သော တေးသရုပ်ဖော်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ပွဲကြည့်ပရိသတ်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များ စီစဉ်ထားကြောင်းသိရသည်။ ကြိုတင်လက်မှတ်များကို ဖေဖော်ဝါရီ ၉ ရက်မှစ၍ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီတွင် စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးဇော်ဝင်းမိုး၊ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်၊ကောလင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ အင်းတော်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ကသာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊အသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကသာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးစိုးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်ဒေါ်တင်တင်အေး၊ ရပ်မိရပ်ဖ ဦးမန်းတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများအဖြစ် ကသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ဖြူဖြူဝင်းနှင့် ဒေါ်မူမူဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ဆက်လက်၍ ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက်သဘာပတိ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သိန်းက လည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ကသာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်ဝင်းဝင်းက လည်းကောင်း၊ကသာခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှုများကို ကသာခရိုင် ဝန်းသိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးပိုင်က လည်းကောင်း တင်ပြကြသည်။

အတည်ပြုဆုံးဖြတ်

အဆိုပါ ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် ပတ်သက်၍ ကသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်လွင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက်သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူပြီး အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **'ပြည်မြန်မာ'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြကာ အခမ်းအနားကို နံနက် ၉ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်တွင် ရေပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ရေထွက်နည်းသော စက်ရေတွင်း ပွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေကန်များ ရေသိုလှောင်ထားနိုင်ရေး၊ ရေလုံလောက်စွာရရှိရေးများကို ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်

မြို့ရေပေးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့သို့ရေပေးပို့လျက်ရှိသော ဆည်ပေါက်ကျေးရွာစက်ရေတွင်းများရှိ စက်ရုံများအနက် ရေထွက်အားနည်းသော အမှတ်(၂) စက်ရေတွင်းအား တွင်းဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ရေထွက်ပိုက်များ သဲမှုတ်ဆေးကြောခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဓဲပုံ) (ဝဇြာ)

ကယားပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြေနီကုန်း ကျေးရွာနှင့် ထေးဗှားလျားကျေးရွာ ချင်းဆက် ကျောက်ချောလမ်း ဖောက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

ပြည်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးအလင်းရောင်စာကြည့်တိုက်ဖွင့်
အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံလှူဒါန်း

ပြည် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် တဲကြီးကုန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်နံနက် ၉နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဉာဏ်မွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကံအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ဆွေးနွေးဟောပြော

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးကံအေးက အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဉာဏ်မွေးက စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးဟောပြောကြသည်။

ထို့နောက် စာအုပ်အလှူရှင်များက ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀ကို လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဝေါမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တွင် ကတ္တရာထပ်ပိုးလွှာခင်း

ဝေါ ဖေဖော်ဝါရီ ၃

စည်ပင်သာယာရေး ဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ဝေါမြို့နယ်

ပဲခူးတိုင်း ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေဘုံသာလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အရှည် ၅၁၅ပေ၊ အကျယ် ပေ ၁၀နှင့် နောင်ပတ္တရာကျေးရွာ ကျေးလက်ဂဝံလမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၃၅၄၀၊ အကျယ်ရှစ်ပေတို့အား ဆောင်ရွက်ခဲ့သည်။

ဒိုက်ဦးမြို့နယ်

အလားတူ ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖအောင်ဝဲလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအရှည် ၄၅၈ပေ၊ အကျယ် ၁၂ပေ၊ မင်းလမ်းအပိုင်း (၁) ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၉၀၀၊ အကျယ် ၁၅ပေ၊ အောင်ချမ်းသာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည် ပေ၄၀၀၊ အကျယ် ၁၂ပေနှင့် ဝိဇ္ဇာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း အရှည် ပေ၄၀၀၊ အကျယ်ကိုးပေတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ညောင်လေးပင်မြို့နယ်တွင် ကျေးရွာရုံးသစ်နှင့် စာကြည့်တိုက်ဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဖိုးတုပွဲ့ကျေးရွာအုပ်စု ဖိုးတုပွဲ့စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီက အဆိုပါရုံးသစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိမ်းဌေးနှင့် ကျေးရွာဥက္ကဋ္ဌဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိမ်းဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲဝင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက ဒို့ကျေးရွာဂျာနယ်အပါအဝင် ဂျာနယ်မျိုးစုံ ၅၀နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၈၀ကို ပေးအပ်လှူဒါန်းရာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်က ကျေးလက်လမ်းဖြစ်သည့် ခရမ်းကိုင်း- မန်ကျည်းကုန်းလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ဒေါ်ချောချောင်းကူးတံတား တည်ဆောက်

ချောင်းဆုံ ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ၌ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀၄ သိန်းဖြင့် အကုန်အကျခံကာ ဆောင်ရွက်သည့် ဒေါ်ချောချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါ တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၂ပေ ကမ်းကပ်အုတ်ခုံနှင့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ချောင်းဆုံမြို့နယ်ဘက်လမ်း ကညော်-မော်လမြိုင်ကူးတို့ဆိပ်သို့သွားရာ လမ်းပေါ်ရှိ ဒေါ်ချောချောင်းအားဖြတ်၍ ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်းသိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ဆောင်ရွက်

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာချင်းဆက်လမ်းများနှင့် မြို့နယ်ချင်းဆက်လမ်းများ ဖောက်လုပ်လျက် ရှိရာ ဇန်နဝါရီ ၂၀ရက်က ကသာ- ထီးချိုင့်လမ်း မိုးမှောင်ကျချောင် မိုင်တိုင် ၃၄/၆နှင့် ၃၄/၇ကြား လမ်းချဲ့ခြင်းနှင့် မြေဖို့ခြင်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်
(၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အကျိုးအတွက် ၂၀၀၅ခုနှစ် မတ်လတွင် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းအနေဖြင့်လည်း ယခင် ရတနာပြပွဲများအတိုင်း၊ ရောင်းရငွေများရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများ တက်ရောက်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည့်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့်ကျောက်မျက်ရတနာများကို ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၅ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို စစ်ဆေးခြင်းနှင့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၄။ ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့်ကျောက်စိမ်း/ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

Sein Win & Associate Travels & Tours Co., Ltd.

မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

ဖေဖေ **ဦးခင်မောင်မြင့်** [ဒု-အထွေထွေမန်နေဂျာ၊ (သစ်ထုတ်ရေး) ရှမ်းပြည်နယ် (မြောက်ပိုင်း)]နှင့် မေမေ **ဒေါ်သူသူမော်** တို့၏ ၉-၂-၂၀၀၅ရက်နေ့တွင်ကျရောက်သော အနှစ်(၂၀) ပြည့်မင်္ဂလာနေ့ရက်မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင်တိုင် သာယာချမ်းမြေ့သော ဘဝခရီးကို "အေးအတူပူအမျှ" လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ပြုအပ်ပါသည်။

သားကြီး – ပြည့်ဖြိုးကျော် တတိယနှစ်ဆေးတက္ကသိုလ်၊ မန္တလေး
သားငယ် – ဝေယံမြတ်မော် ပထမနှစ်(ဥပဒေ)၊ မန္တလေး
သမီးငယ် – သွင်ထူးအိမ် အဋ္ဌမတန်း(အထက–၁၆) မန္တလေး။

တစ်ဦးတည်းသောချစ်သမီးလေးအတွက်
မွေးနေ့ဆုတောင်း

သမီးလေးမသည်းဆုဟေမာန်(ခ)သည်းသည်း၏ ၉-၂-၂၀၀၅ ရက်မှာကျရောက်တဲ့ (၉)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာ ခြင်းနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဘိုးဘိုး၊ ဘွားဘွား	– ဦးဘစော–ဒေါ်အေးတင်၊ ဦးလှသွင်–ဒေါ်ကြည်အေး၊
ဖေဖေ၊မေမေ	– ဦးသိန်းနိုင်–ဒေါ်ဝါဝါသွင်
ကိုကို	– ကောင်းမြတ်ကျော်(ခ)ကူကူး
အန်တီ	– မာမီ၊အန်တီကြီး၊ငယ်ငယ်၊မွန်၊ဖွားလေးထွန်း၊
ဦးဦး	– ဦးကြီး၊ ဦးငယ်။

အများသိစေရန်ကြေညာချက်

၁။ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ မြေတိုင်း–၂၈–စီ ၁၊ မြေကွက်အမှတ်–၁၂၀၀နှင့် ၁၁၉၉၊ အမှတ်–၃၁/၃၃တွင်ပိုင်ရှင် ဒေါ်သန်းခင်နှင့် ဒေါ်တင်တင်တို့မှ (၇)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ရန် ဤဌာနသို့လျှောက်ထားလာခဲ့ရာ ဤဌာနမှ ၉–၄–၁၉၉၈ ရက်စွဲပါ စာအမှတ်–၂၃၉၁/၇၂/စည်ပင်ယာ(အုံ)ဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ ပိုင်ရှင်ဒေါ်သန်းခင် ၁၂/စခန (နိုင်) ၀၂၃၈၅၆နှင့် ဒေါ်တင်တင် ၁၂/စခန (နိုင်)၀၂၃၈၆၈တို့မှ အဆိုပါ ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အမည်ပြောင်း

အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် နဝမတန်း (I)တွင် ပညာသင်ကြားနေသော အဖ ဦးမျိုးညွန့်စိုး၏ သား မောင်အက်(စ်)ယောဟန်အား မောင်ယောဟန်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည–၄၉၄၁ ယာဉ် လက်ဝယ်ရှိသူက ယာဉ်ပိုင်ဆိုင်မှုအတွက် မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(တောင်ငူ)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)။**

POWER PALACE NEW OPENING
ဆိုင်ခွဲကို ၇-၂-၂၀၀၅ နေ့တွင် အမှတ်(၄၁၆)၊သိမ်ဖြူလမ်းတွင် စတင်ဖွင့်လှစ်လိုက်ပါသည်။
ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့်
၇-၂-၂၀၀၅ မှ ၁၅-၂-၂၀၀၅ အထိ
Special Discount 40%အထိ

Ocean Gate Training Centre

KIMA

Ph: 515048 Ext:216
591079, 591080

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၈ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံး အတွက် လမ်းခင်းကတ္တရာတန် ၅၀၀၀ကို ပုံးဖြင့်ဖြစ်စေ၊ 3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၅–၂–၂၀၀၅နေ့ ၁၆း၀၀နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း– ၂၈၂၅၃၄၊ ၂၄၈၁၁၂ (လိုင်းခွဲ) ၂၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဝေဠုဝန်နိကာယ ဂဏာဓိပတိ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဝေဠုဝန်နိကာယဂိုဏ်း ဂဏာဓိပတိ (သာသနာပိုင်) ဝေဠုဝန်ကျောင်းတိုက် ပုသိမ်မြို့ ဆရာတော်ကြီးအား ပူဇော်ပွဲနှင့် ဝေဠုဝန်နိကာယဂိုဏ်း ဂဏသန္နိပါတ နှစ်ပတ်လည် အစည်းအဝေးပွဲကို စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် ကျောင်းတိုက် သာသနပဋ္ဌောတာရုံအလယ်တိုက်ကျောင်းတွင် ၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်၊ ၁၁ရက်နှင့် ၁၂ရက် (မတ် ၅ရက်၊ ၆ရက်နှင့် ၇ရက်)တို့တွင် ဝေဠုဝန် နိကာယဂိုဏ်းဝင် သံဃာတော်အပါး ၅၀၀ကျော်တို့ဖြင့် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆွမ်း၊ ကွမ်း၊ အချိုပွဲ၊ အချိုရည်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုပါက အကျိုးတော်ဆောင်ဆရာတော် ဝေဠုဝန်ကျောင်းတိုက် ဖုန်း–၅၃၇၅၇၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပန်းဘဲတန်းမြို့နယ်မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်က အမှတ်(၂)လမ်းမကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာ ရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသော ဘုရားကျောင်းဆောင်အတွက် အလှူငွေကျပ် ၁၀သိန်းကို ဇန်နဝါရီ၂၆ရက်ကပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံရယူစဉ်။ (က–ပ)

အင်းစိန်မြို့နယ် အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်းတွင် ဘဝမီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ၃၉ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်လွင်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးစန်းနှင့်ဆရာဆရာမများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

နှစ်ဖက်သောမိဘများအားအမှူးထား၍ အမှတ်(၆၉) ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်နေ ဦးလှတင်–ဒေါ်နုယဉ်မိသားစုက ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးဆောက်လုပ်ရန်အတွက် ငွေကျပ် နှစ်သိန်းလှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌဦးဟုတ်ကြည်က လက်ခံရယူစဉ်။ (က–ပ)

ဇန်နဝါရီ ၂၇ ရက်က မင်္ဂလာဒုံမြို့နယ်မူလတန်းအဆင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပတ္တမြားမြို့သစ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ စတုတ္ထတန်းအုပ်စုဘက်စုံ ပထမဆုရ မောင်ထွန်းလင်းအောင်အား မြို့နယ်လက်ထောက်ပညာရေးမှူးဆရာကြီးဦးစောအောင်မြဝင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်မြောက်ပိုင်းခရိုင်သို့ စတင်သယ်ဆောင် အလံတော်သယ်ယူရာ လမ်းတစ်လျှောက်မှ ပြည်သူများ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို တစ်ညတာညအိပ်ရပ်နားရာ လှည်းကူးမြို့ အားကစားကွင်း၌ အလေးပြုသူများဖြင့်စည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး စာမျက်နှာ ၇ ကော်လံ ၁ *

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❒ ပြည်ထောင်စုနေ့အလံတော်

ခွန်ရဲသွေး(အေးသာယာ)၏ကဗျာ(စာ-၃)

❒ တိုင်းပြည်၌ စည်းလုံးညီညွတ်မှု အင်အားနှင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားနှစ်ရပ် ခိုင်မာစွာတည်ရှိနေသမျှ ကာလပတ်လုံး ပြည်ထောင်စုကြီး၏ နေရာဒေသအားလုံး၌ အဖိုးတန်အမျိုးမှန်သည့် မိုးပျံတံတားအစင်းစင်းကို တပ်မတော်အစိုးရက တစ်စင်းပြီးတစ်စင်း ခင်းပြီးရင်းခင်းပေးသွားနိုင်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို သာဓကပြဆို၍ တင်ပြအပ်ပေသည်။

သီဟအောင်၏ဆောင်းပါး (စာ-၈၊ ၁၀ နှင့် ၁၁)

ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။ စာမျက်နှာ ၅ ကော်လံ ၁ ❒

ဖေဖော်ဝါရီ ၅ ရက်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို လှိုင်လင်ခရိုင် ပင်လုံမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပစဉ်။

(သတင်း-၁၄)(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး